# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

e – paper ဖတ်ရှုရန်


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 22 July 2026 ၁၂၂၄၇


# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## အသိပညာ၊ အတတ်ပညာပြည့်စုံပြီး အတွေးအခေါ် မှန်ကန်ကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်မှသာလျှင် ဖွံ့ဖြိုးတိုးတက်ကောင်းမွန်သည့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်နိုင်မည်

နေပြည်တော် ဇူလိုင် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


**ယနေ့ ဖတ်စရာ**

**ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်းကြေညာ**

**စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်**


စာမျက်နှာ » ၃


## မြစ်ကြီးနား-မိုးညှင်း ရထားလမ်းပိုင်းတွင် ရထားခရီးစဉ်များ စတင်ပြေးဆွဲ

မြစ်ကြီးနား ဇူလိုင် ၂၁

မြစ်ကြီးနား-မိုးညှင်း ရထားလမ်းပိုင်းတွင် အမှတ်(၄၉) အဆန် မိုးညှင်း-မြစ်ကြီးနားနှင့် အမှတ်(၅၀) အစုန် မြစ်ကြီးနား-မိုးညှင်း ရထားခရီးစဉ်များကို ယနေ့စတင်ပြေးဆွဲကြောင်း အဆိုပါရထားခရီးစဉ် တိုးချဲ့ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားမှ သိရသည်။

အဆိုပါရထားခရီးစဉ် တိုးချဲ့ပြေးဆွဲခြင်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားဘူတာ စင်္ကြံ အမှတ်(၁) ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ စာမျက်နှာ ၅ ကော်လံ ၁ သို့ ❒




## မြောင်းမြမြို့၌ ဆိုင်ကယ်စီးဦးထုပ် အလုံး ၁၀၀ အခမဲ့ဝေငှ

မြောင်းမြ ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ဆိုင်ကယ်စီးဦးထုပ် အလုံး ၁၀၀ အခမဲ့ဝေငှခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။


စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍




## ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေတွင် တည်ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သချာ်ပုံစံပြု မော်ဒယ်လ်ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မှုမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်ပါသည်။ မိုး/ဇလ

ကြေးမုံ

# ဒေသတွင်းစားရေးအဆင်ပြေစေရေး အထွက်နှုန်းတိုးမြှင့်ရေးဆောင်ရွက်

"နိုင်ငံတော်တွင် နိုင်ငံရေးအရ တည်ငြိမ်မှုရှိသည်ဟု ဆိုရာတွင် ပြည်သူလူထု၏ စားရေးအဆင်ပြေစေရန်၊ စီးပွားရေးအရ ပြေလည်ရန် အဓိကလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ စားရေးအဆင်ပြေမှုရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးဇုန်များကို ဒေသအလိုက် မဖြစ်မနေအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အကျိုးအမြတ်ရရှိရေးသည် အဓိကမဟုတ်ဘဲ ပြည်သူလူထုအနေဖြင့် အသား၊ ငါးနှင့် ရာသီသီးနှံများကို သက်သာသောဈေးနှုန်းများဖြင့် လုံလုံလောက်လောက် ဝယ်ယူစားသုံးနိုင်စေရေးအတွက်ကိုသာ အဓိကဆောင်ရွက်ခြင်းဖြစ်သဖြင့် ယခုထက် ပိုမိုအောင်မြင်အောင် ဆောင်ရွက်သွားကြရန်" ဇူလိုင် ၁၈ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များအား ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် (မှော်ဘီ)၊ (၂၆)မိုင်ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်များကို တည်ထောင်ထားပြီး ဇုန်များအလိုက် ငါး၊ ဥစားဘဲ၊ ဥစားကြက်၊ အသားတိုးကြက်၊ နို့စားနွား၊ အသားစားနွား စသည့်မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းများဆောင်ရွက်ရာတွင် အထွက်နှုန်းတိုးတက်မြင့်မားစေရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်မွေးမြူရေး၊ ခေတ်မီနည်းစနစ်ဖြင့် စက်ကိရိယာများ သုတေသနပြု အသုံးချမွေးမြူရေး၊ သားဖောက်မွေးမြူခြင်းနှင့် မွေးမြူရေးအစားအစာ အရည်အသွေးပြည့်စုံကောင်းမွန်ရေး၊ ထွက်ရှိလာသည့် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များကို ဈေးကွက်အတွင်းဖြန့်ဖြူးရေး၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများနှင့် ဘိုင်အိုဂက်စ်ထုတ်လုပ်ရေး၊ သဘာဝမြေဩဇာထုတ်လုပ်ရေး၊ ဇုန်များ၌ အစာစပ်လုပ်ငန်းနှင့် အစာတောင့်စက်များထုတ်လုပ်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းသည် ဒေသတွင်း အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ရာသီသီးနှံများ ဖူလုံမှုရှိရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် မှီတင်းနေထိုင်ကြသော လူဦးရေ ခုနစ်သန်းကျော် ရှစ်သန်းခန့်အတွက် နေ့စဉ် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဈေးနှုန်းသက်သက်သာသာဖြင့် ပြည့်ပြည့်ဝဝ စားသုံးနိုင်စေရေးအတွက် နိုင်ငံတော်သမ္မတကြီးက အစောပိုင်းကာလကတည်းက စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့ကို တာဝန်ခွဲဝေဆောင်ရွက်စေခဲ့ခြင်းဖြစ်သည်။ သီလဝါစိုက်ပျိုးမွေးမြူရေးဇုန်မှ အသား၊ ငါးများသည် တပ်မတော်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည်။ အလားတူ ငါးမွေးမြူရေးဇုန်နှင့် အခြားမွေးမြူရေးဇုန်များမှ ထွက်ရှိသောအသား၊ ငါး၊ ဥအမျိုးမျိုးတို့သည် ရန်ကုန်တိုင်းဒေသကြီး၏ စားရေးသောက်ရေးကို အထောက်အကူပြုလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဥစားကြက်၊ ဘဲမွေးမြူရေးနှင့်ပတ်သက်၍ ဥထွက်ပမာဏ၊ ဥသည့်အချိန်ကာလတို့ကို စနစ်တကျတွက်ချက်ပြီး အသုတ်လိုက်မွေးမြူသည့်စနစ်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ အထွက်နှုန်းတိုးတက်မြင့်မားစေမည့် မွေးမြူရေးနည်းလမ်းများကို ဆက်လက်လေ့လာလုပ်ကိုင်လျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိရိုးဖလာသမားရိုးကျနည်းလမ်းများဖြင့် မွေးမြူခြင်းထက် ခေတ်မီနည်းစနစ်များဖြင့် အသုံးပြုလုပ်ကိုင်လျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စက်ရုံ၊ အလုပ်ရုံများစွာရှိပြီး လူဦးရေများပြားစွာရှိနေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအား မျှတစေရန်နှင့် အခြေခံစားကုန်များ ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်သည်။

ရန်ကုန်မြို့သည် ယခင်က နိုင်ငံတော်၏မြို့တော်ဖြစ်သည်နှင့်အညီ စီးပွားရေးအရ အချက်အချာကျသည့် မြို့၊ ဖွံ့ဖြိုးတိုးတက်သည့်မြို့၊ အသိပညာ၊ အတတ်ပညာရှင်များဖြင့် စုစည်းကျစ်လျစ်သည့်မြို့စသည့် အခြေခံကောင်းများစွာပိုင်ဆိုင်ထားသည့်မြို့ဖြစ်သဖြင့် အခြားသောမြို့များထက် ဦးဆောင်စံပြအဖြစ် ဒေသတွင်းစားရေးအဆင်ပြေစေရေးအတွက် ဆက်လက်အကောင်အထည်ဖော်သွားရန်လိုသည်။ အလားတူ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အသား၊ ငါး၊ ဥများ ဖူလုံစွာရရှိရေး ဒေသအလိုက်နေထိုင်ကြသည့် လူဦးရေနှင့်စားသုံးမှုအပေါ်တွက်ချက်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် စနစ်တကျ တိုးချဲ့ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ MSME ကို အခြေခံသည့် စီးပွားရေးနှင့် စုပေါင်းဆောင်ရွက်သည့် သမဝါယမစနစ် ကျင့်သုံးဆောင်ရွက်သွားမည်ဆိုပါက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများ စားရေးအဆင်ပြေချောမွေ့စေရေးအတွက် စိုက်ပျိုးမွေးမြူရေးဇုန်များကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ယခုထက်ပိုမိုတိုးတက်အောင်မြင်ဖြစ်ထွန်းစေရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များက အကျိုးအမြတ်ကို ဦးစားမပေးဘဲ ပြည်သူများအကျိုးကိုရှေးရှု၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## သံအမတ်ကြီး ဦးဇော်ဝင်းမြင့်အား မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ဝင်းမြင့်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## (၂၁-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃.၄ ~ ၃၆၆၈ | ၅၅၇ ~ ၅၅၇.၈ | ၁၂၅.၆ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၂,၃၀၆,၆၇၄.၀၂ | ၃,၅၇၈,၃၁၇.၀၂ | ၆,၈၁၈,၆၉၇.၂၇ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ ဓာတ်မြေဩဇာ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ စားသုံးကုန်စည် တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၄.၀၁ သန်းအား စားသုံးဆီကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၀.၁၄ သန်းအား CMP ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ညောင်ဦးမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

ညောင်ဦး ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၀ ရက်က ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ကျင်းပသည်။

ဦးစွာ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညို က အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးအောင်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိ ဦးဝင်းထက်ကျော်က တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ သင်တန်းသားများလိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်/ကျေးရွာ အုပ်စု ၅၁ အုပ်စုမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၂၀ မှ ၂၄ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဒီပါလင်း

## ၂၁ - ၇ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁ - ၇ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၇၅၀၀၀ | ၃၅၉ | ၆,၃၁၉,၅၀၀ |
| MTSH | ၈,၅၀၀ | ၈,၅၀၀ | ၅,၀၆၅ | ၄၂,၇၂၅,၄၀၀ |
| MCB | ၁၃,၅၀၀ | ၁၃,၅၀၀ | ၂၀၅ | ၂,၇၇၅,၀၀၀ |
| FPB | ၇,၀၀၀ | ၇,၀၀၀ | ၇၅၅ | ၅,၂၈၅,၀၀၀ |
| TMH | ၃,၄၀၀ | ၃,၅၀၀ | ၁၀၄ | ၃၅၂,၃၅၀ |
| EFR | ၁,၉၅၀ | ၁,၉၀၀ | ၆,၂၀၃ | ၁၁,၉၂၂,၁၀၀ |
| AMATA | ၄,၃၀၀ | ၄,၃၀၀ | ၉၄ | ၄၀၄,၂၀၀ |
| MAEX | ၆,၅၀၀ | ၆,၃၀၀ | ၅၅၃ | ၃,၅၁၉,၅၀၀ |
| MADPL(PLB) | ၆,၄၀၀ | ၆,၄၀၀ | ၁,၆၉၁ | ၁၀,၈၂၂,၄၀၀ |
| ASPGB(PLB) | ၉၈,၀၀၀ | ၁၀၅,၀၀၀ | ၁,၄၄၆ | ၁၄၉,၄၂၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | | အကြီးတန်း သတင်းထောက်များ | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| စာတည်းမှူး | - အေဝမ်းစိုး | | အငယ်တန်း သတင်းထောက်များ | - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | | သုတေသန | - ဇင်မာဝင့် |
| | | | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ စိုးသူရ | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နီလာစိုးနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ညီညွတ်ရေးက အရေးကြီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

## ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၃ / ၂၀၂၆**
၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်
( ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် )

**ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်းကြေညာခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး က ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်တွင် အရေးပေါ်အခြေအနေကြေညာသည့် ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၁/၂၀၂၆ ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ကြေညာချက်တွင် ဖော်ပြပါရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ မြို့နယ်များအနက် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည့် ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်နှင့် ဖလမ်းမြို့နယ်တို့မှအပ ကျန်မြို့နယ်များအတွက် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ကျင်းပသော တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့၏ သဘောတူညီမှုဖြင့် ယင်းအမိန့်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၂၁၂၊ ပုဒ်မခွဲ (ဃ) အရ ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၄ / ၂၀၂၆**
၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်
( ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် )

**စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်ခြင်း**

၁။ ဥပဒေကဲ့သို့အာဏာတည်သောအမိန့် (၃/၂၀၂၆) ဖြင့် အရေးပေါ်အခြေအနေ ဆက်လက်တည်ရှိကြောင်း ကြေညာထားသည့်မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ (ခ) အရ စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်၍ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင်သည်။

၃။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

☆ ရှေ့ဖုံးမှ

ဦးမြထွန်းဦး၊ ဦးထိန်လင်း၊ ဦးကိုကိုလွင်၊ ဦးမောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်သမ္မတ ရန်ကုန်တိုင်းဒေသကြီးသို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ထားရှိမှု၊ မြို့နယ်များအလိုက် ဆက်သွယ်ရေးကြိုးများနှင့် လျှပ်စစ်မီးကြိုးများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ထားရှိမှု၊ မြေအောက်ကေဘယ်လ်ပိုက်လိုင်းနှင့် Man Hole များ တည်ဆောက်လျက်ရှိမှု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှုနှင့် ရေမြောင်းများ၊ လမ်းများဖောက်လုပ်ရာတွင် ဖြောင့်ဖြူးမှုရှိစေရေး ဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

လျက်ရှိမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်စေရေး ပညာပေးကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ လမ်း၊ တံတားများတည်ဆောက်ရာတွင် စနစ်တကျရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ မြို့ပြများ အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများ ထိခိုက်မှုမရှိစေရေးနှင့် မြို့ကွက်များ စနစ်တကျရှိစေရေး Town Plan ရေးဆွဲ




ဆောင်ရွက်လျက်ရှိမှု၊ အများပြည်သူများ အပန်းဖြေနိုင်ရေး ပန်းခြံများ တိုးချဲ့တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရန်ကုန်တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များ၊ မြေအသုံးချထားရှိမှု၊ စပါးစိုက်ပျိုးမှုနှင့် ပိုလျှံစပါးများအား ပြည်ပသို့ တင်ပို့လျက်ရှိမှု၊ ပြည်ပပို့ကုန် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု၊ ငါး၊ ပုစွန်၊ အခြားရေထွက်ပစ္စည်းများ ပြည်ပတင်ပို့မှု၊ သီလဝါအထူးစီးပွားရေးဇုန်၌ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်းရှိ ရေလှောင်တမံ၊ တာတမံ၊ ရေတံခါး၊ ရေနုတ်မြောင်း၊ လျှပ်စစ်ရေတင်စနစ်တို့မှ သောက်သုံးရေနှင့်နွေစပါး ရေပေးဝေနိုင်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များနှင့် မြေအသုံးချမှု၊ သီးနှံစိုက်ဧရိယာစာရင်းနှင့် အဓိကသီးနှံများစာရင်းဆိုင်ရာ အချက်အလက်များ၊ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၆ ခုနှစ်အထိ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအားဆိုင်ရာ အချက်အလက်များ၊ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၆ ခုနှစ်အထိ စပါးစိုက်ပျိုးထုတ်လုပ်မှု၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိမှု၊ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ပြည်ပပို့ကုန်အတွက် သီးသန့်ဇုန်သတ်မှတ်စိုက်ပျိုးထားရှိမှု၊ ဆီထွက်သီးနှံနှင့် ကော်ဖီသီးနှံ စိုက်ပျိုးထားရှိမှု၊ ရေလှောင်တမံများ၌ ရေသိုလှောင်ထားနိုင်မှုနှင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးဆောင်ရွက်ထားရှိမှု၊ စာမျက်နှာ ၄ သို့ ☆




☆ စာမျက်နှာ ၃ မှ

မိုးစပါးစိုက်ဧကများ ပန်းတိုင်အထွက်ရရှိရေး၊ ရေတော်မိုးတော်စိုက်ပျိုးနိုင်ရေးနှင့် သီးထပ်များ စိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ရေကြီးရေလျှံလျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်လျက်ရှိမှုနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိရေး စီမံဆောင်ရွက်ပေးနိုင်မှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်မှု၊ တောင်ငူအထူးဖွံ့ဖြိုးရေးဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**နိုင်ငံ၏ GDP တိုးတက်မှုရှိစေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် GDP များ ယခုထက်ပိုမိုတိုးတက်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လို**

ယင်းနောက် နိုင်ငံတော်သမ္မတက ဆွေးနွေးမှာကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့သည် နိုင်ငံတော်တွင် အဓိကစီးပွားရေးအားကောင်းသည့် တိုင်းဒေသကြီး ခြောက်ခုတွင်ပါဝင်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် MSME ကုန်ထုတ်လုပ်ငန်းများနှင့် စက်မှုဇုန်များ၌ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နေကြခြင်းဖြစ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေအတွက်ထက် အရည်အသွေးကောင်းမွန်မြင့်မားရေးကို အဓိကထား ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခင်က မိမိတို့နိုင်ငံတွင် စီမံကိန်းစီးပွားရေးစနစ်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထုတ်ကုန်ပစ္စည်းများ၌ အရည်အသွေးပိုင်းတွင် အားနည်းချက်အချို့ ရှိခဲ့ကြောင်း၊ ကုန်ဈေးနှုန်းများကြီးမြင့်ရခြင်းသည် ထုတ်လုပ်မှုနှင့် သုံးစွဲမှုမမျှတခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ ကြီးမြင့်ခြင်းတို့ကြောင့် ဖြစ်သဖြင့် ပြည်တွင်း၌ ထုတ်ကုန်ပစ္စည်းများကိုဖူလုံမှုရှိအောင် ထုတ်လုပ်ပေးနိုင်ရန်လိုကြောင်း၊ **မိမိ၏ စီးပွားရေးမူဝါဒမှာ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက အရည်အသွေးပိုမို ကောင်းမွန်ရမည်ဖြစ်**ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ် လုပ်မှုလုပ်ငန်းများဆောင်ရွက်ကြရာတွင် ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုရှိရန်နှင့် ထုတ်လုပ်မှုများ မှန်မှန်ကန်ကန်ဖြစ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုကို GDP ဖြင့် တိုင်းတာကြခြင်းဖြစ်သဖြင့် နိုင်ငံ၏ GDP တိုးတက်မှုရှိစေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် GDP များ ယခုထက်ပိုမိုတိုးတက်မှုရှိအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း။

**နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကို နိုင်ငံရေးနည်းလမ်းတကျဖြေရှင်းရန်လို**

နိုင်ငံ့စီးပွား အားကောင်းစေရေးအတွက် စီမံဆောင်ရွက်ရာတွင် အခြေခံကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုရှိရေးသည် အဓိကကျသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြသည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာကုန်ထုတ်လုပ်မှု အခြေခံကိန်းဂဏန်းများ မှန်ကန်မှုရှိစေရေး စနစ်တကျစိစစ်တင်ပြသွားကြရန်လိုကြောင်း၊ မြေပြင်အချက်အလက်များကို မှန်ကန်စွာကောက်ယူနိုင်ရေးအတွက်လည်း နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုရှိရန် လိုကြောင်း၊ **နိုင်ငံရေးအရဖြစ်ပေါ်ခဲ့သည့် သဘောထားကွဲလွဲမှုများကို နိုင်ငံရေးနည်းလမ်းတကျ ဖြေရှင်းခြင်းမပြုဘဲ**



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။



**လက်နက်ကိုင်အကြမ်းဖက်သည့် လမ်းစဉ်ကို ရွေးချယ်ခဲ့ကြခြင်းကြောင့် နိုင်ငံအတွင်းရှိ အချို့နယ်မြေဒေသများ၌ တည်ငြိမ်အေးချမ်းမှုရရှိရန် လိုအပ်နေဆဲဖြစ်**ကြောင်း၊ **နိုင်ငံတော်အနေဖြင့် ပြည်သူလူထုက ရွေးချယ်ထားသည့် ရွေးကောက်ခံအစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေပြီဖြစ်သဖြင့် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကို ဒီမိုကရေစီနည်းလမ်းတကျ ဖြေရှင်းဆောင်ရွက်သွားကြရန်လို**ကြောင်း၊ လက်နက်ကိုင်အကြမ်းဖက်သည့် နည်းလမ်းဖြင့် ဖြေရှင်းနေကြခြင်းသည် ဖြေရှင်းနည်း အစစ်အမှန်မဟုတ်ဘဲ ၎င်းတို့ ကျင်လည်ရာ ဒေသနှင့် ဒေသခံတို့၏ အကျိုးစီးပွားကိုဖျက်ဆီးနေကြခြင်းပင်ဖြစ်ပြီး တစ်နည်းအားဖြင့် ဒေသနှင့်နိုင်ငံတော်၏ အနာဂတ်ကို နှောင့်ယှက်ဖျက်ဆီးနေကြခြင်းပင် ဖြစ်ကြောင်း။

**ပညာရေးအားနည်းချက်များ ပြုပြင်နိုင်ရေးအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

မိမိတို့နိုင်ငံတွင် ခေတ်အဆက်ဆက်ပညာရေး အားနည်းချက်များရှိခဲ့သည်ကို အချက်အလက်များအရတွေ့မြင်ရမည်ဖြစ်ကြောင်း၊ ပညာရေး အားနည်းချက်၏ နောက်ဆက်တွဲအနေဖြင့် စဉ်းစားတွေးခေါ်မြော်မြင်နိုင်စွမ်းနှင့် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြား ဆုံးဖြတ်နိုင်စွမ်းများ အားနည်းခဲ့ကြကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများဖြစ်ပေါ်လာချိန်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားကြသည့် ပြည်ပ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၏ သွေးထိုးလှုံ့ဆော်မှုများကို နားယောင်ကာ ဆူပူအကြမ်းဖက်သည့် လမ်းကြောင်းပေါ်သို့ ပညာရေးအားနည်းသူအများစု ရောက်ရှိသွားကြကြောင်း၊ နိုင်ငံအတွင်း၌ စုစည်းညီညွတ်မှုနှင့် စည်းလုံးမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများ၊ အရေးအခင်းများကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါကလည်း ပညာရေးအရ အားနည်းချက်များရှိခဲ့ခြင်း၊ နိုင်ငံရေးအရ ထွက်ပေါက်မရှိခြင်းနှင့် စီးပွားရေးကျဆင်းခြင်းတို့ကြောင့် ဖြစ်သည်ကို သုံးသပ်တွေ့မြင်ရမည်ဖြစ်ကြောင်း။

ခေတ်အဆက်ဆက် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် အစိုးရများအနေဖြင့်လည်း နိုင်ငံတော်၏ ပညာရေးအားနည်းချက်များကို ပြုပြင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း နိုင်ငံတော်၏ ပညာရေးတွင် အားနည်းချက်များ ရှိနေဆဲဖြစ်သည်ကိုတွေ့မြင်ရမည်ဖြစ်ပြီး ပညာရေးအားနည်းမှုတွင် ပညာသင်ကြားရာ၌ အမှန်တကယ် ပညာတတ်မြောက်ရေးထက် အတန်းတက်ရေးကိုသာ ဦးစားပေး ဆောင်ရွက်ခဲ့မှုများကြောင့်လည်း ပါဝင်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတော်တာဝန်ယူခဲ့ရသည့် ၂၀၂၂ ခုနှစ်မှစတင်၍ အခြေခံပညာနှင့် အဆင့်မြင့်ပညာရေးတို့တွင် ပညာရည် မြင့်မားရေးကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာအတန်းနှင့် ဘာသာရပ်များအလိုက် သင်ကြားပေးသည့် ပညာရပ်များကို အမှန်တကယ်တတ်မြောက်စေရေး သင်ကြားပေးကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနိုင်မှသာလျှင် အနာဂတ်နိုင်ငံတော်အတွက် အမှန်တကယ် ပညာတတ်ကျွမ်းသည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းပညာရေးကို သင်ကြားပေးရုံသာမက ကျန်းမာကြံ့ခိုင်မှုရှိစေရေး ကာယအချိန်များတွင် အားကစားနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းနှင့် ပြင်ပဗဟုသုတများ ရရှိစေရေး၊ အခြားလူမှုဆက်ဆံရေးနှင့် ပြည်သူ့နီတိများကိုလည်း သိရှိနားလည်စေရေး သင်ကြားလေ့ကျင့်ပေးခြင်းများကို ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် **ကျောင်းနေအရွယ် ကလေးငယ်များကို ငယ်ရွယ်စဉ်မှစ၍ အသိပညာ၊ အတတ်ပညာများ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် ၎င်းတို့ဘဝတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်သကဲ့သို့ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်**ကြောင်း၊ အသိပညာအတတ်ပညာပြည့်စုံပြီး အတွေးအခေါ် မှန်ကန်ကောင်းမွန်သည့် လူငယ်များကို မွေးထုတ်ပေးနိုင်မှသာလျှင် နိုင်ငံ၏အနာဂတ်သည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရေးအရ အားနည်းချက်များကို မြင်အောင်ကြည့်၍ အားလုံးကဝိုင်းဝန်းပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ နိုင်ငံအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အစိုးရအဖွဲ့ဝင်များက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သည့် သင်ကြားမှု သင်ယူမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ပြည့်စုံကောင်းမွန်မှုရှိစေရေးနှင့် ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမြင့်မားစေရေး**

ပညာရေးနှင့် ဆက်စပ်၍ ကျန်းမာရေးကဏ္ဍတွင်လည်း နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့နေနိုင်ရေးအတွက်လည်း အစိုးရတစ်ရပ်အနေဖြင့် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် **"ဆေးရုံရှိပါက ဆရာဝန်ရှိရမည်၊ လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ"** စသည့် မူဝါဒများချမှတ်၍ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမြင့်မားစေရေး အလေးထားဆောင်ရွက်စေလျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းရှိ ဆေးပေးခန်းများ၊ ဆေးရုံ၊ ဆေးခန်းများ၌ ကျန်းမာရေးဝန်ထမ်းများ အလုံအလောက် ခန့်ထားပေးနိုင်ရေးအတွက်လည်း နိုင်ငံတော်က စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိကြောင်း၊ ကျောင်းကျန်းမာရေးနှင့် ပတ်သက်၍လည်း ကျောင်းနေအရွယ်ကလေးငယ်များ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိများ ရရှိအောင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ကျေးလက်ကျန်းမာရေးဌာနများရှိ ကျန်းမာရေးဝန်ထမ်းများက အချိန်အခါအလိုက်၊ အသက်အရွယ်အလိုက် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အာဟာရပြည့်ဝစွာစားသုံးကြရေး အသိပညာပေးခြင်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျောင်းပတ်ဝန်းကျင်တစ်ဝိုက် ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် ပတ်ဝန်းကျင်ဖြစ်စေရေး၊ အစားအသောက်နှင့် သောက်သုံးရေများ သန့်ရှင်းမှုရှိစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ☆

- **နိုင်ငံရေးအရဖြစ်ပေါ်ခဲ့သည့် သဘောထားကွဲလွဲမှုများကို နိုင်ငံရေးနည်းလမ်းတကျ ဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်အကြမ်းဖက်သည့် လမ်းစဉ်ကို ရွေးချယ်ခဲ့ကြခြင်းကြောင့် နိုင်ငံအတွင်းရှိ အချို့နယ်မြေဒေသများ၌ တည်ငြိမ်အေးချမ်းမှုရရှိရန် လိုအပ်နေဆဲဖြစ်**
- **နိုင်ငံတော်အနေဖြင့် ပြည်သူလူထုက ရွေးချယ်ထားသည့် ရွေးကောက်ခံအစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေပြီဖြစ်သဖြင့် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကို ဒီမိုကရေစီနည်းလမ်းတကျ ဖြေရှင်းဆောင်ရွက်သွားကြရန်လို**

✻ **အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွင့်ပြုပေးထားသည့် မြေနေရာများတွင် တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်လိုသကဲ့သို့ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများအတွက် ခွင့်ပြုပေးထားသည့် မြေနေရာများတွင်လည်း ခွင့်ပြုချက်များနှင့်အညီ စနစ်တကျဖြင့် အကျိုးရှိရှိ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လို**

☆ စာမျက်နှာ ၄ မှ

ကလေးငယ်များ ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးသည့် ခန္ဓာကိုယ်ရရှိစေရေးအတွက်လည်း အာဟာရပြည့်ဝသည့် အစားအစာများ ကျွေးမွေးနိုင်ရန်လိုကြောင်း၊ ခန္ဓာကိုယ်ဖွံ့ဖြိုးမှု အားနည်းခြင်းကြောင့် အားကစားကဏ္ဍတွင်လည်း အားနည်းနေခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကျောင်းသားအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးရန်လည်း လိုကြောင်း၊ အခြေခံပညာကျောင်းများကို သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ကိုက်ညီသော စံကိုက်ဖြစ်သည့် ကျောင်းများဖြစ်အောင် အတတ်နိုင်ဆုံးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ပြည်သူများကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းနှင့် အပန်းဖြေခြင်းများဆောင်ရွက်နိုင်ရန်အတွက် အပန်းဖြေနေရာများနှင့် ပန်းခြံများ တည်ဆောက်ပေးသွားရန်လည်း လိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**မြေအသုံးချမှုများအား စနစ်တကျဖြင့် အကျိုးရှိရှိဆောင်ရွက်သွားကြရန်လို**

နိုင်ငံအတွင်း၌ မြေအသုံးချမှုများနှင့် ပတ်သက်၍လည်း အကျိုးရှိစွာဖြင့် အသုံးချဆောင်ရွက်သွားကြရန် လိုကြောင်း၊ **အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွင့်ပြုပေးထားသည့် မြေနေရာများတွင် တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန် လိုသကဲ့သို့ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများအတွက် ခွင့်ပြုပေးထားသည့် မြေနေရာများတွင်လည်း ခွင့်ပြုချက်များနှင့်အညီ စနစ်တကျဖြင့် အကျိုးရှိရှိ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊** မြို့ပြများ တည်ဆောက်ရာတွင် ကျစ်ကျစ်လျစ်လျစ်ဖြင့် စနစ်တကျတွက်ချက်၍ အကွက်ချတည်ဆောက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် လမ်း၊ မီးနှင့် ရေများကို စနစ်တကျဆောင်ရွက်နိုင်မည် ဖြစ်သကဲ့သို့ အုပ်ချုပ်မှုကိစ္စရပ်များကိုလည်း လွယ်ကူစွာဖြင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ မြို့ပြများ တိုးချဲ့တည်းဆောက်ခြင်း၊ လမ်းများတိုးချဲ့ခြင်းတို့ကို ဆောင်ရွက်ရာတွင်လည်း စနစ်တကျတွက်ချက်၍ မြေကိုအကျိုးရှိရှိ အသုံးချသွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမရှိပါက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရနိုင်ပြီး နိုင်ငံ့ဘဏ္ဍာငွေများကို ပိုမိုသုံးစွဲကုန်ကျရမည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုမရှိစေရေး ရေရှည်အတွက် စဉ်းစားတွက်ချက်ပြီးမှသာ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်မှုဇုန်များနှင့်ပတ်သက်၍ ဆောင်ရွက်ရန်ကျန်ရှိသည့် မြေနေရာများတွင်လည်း စနစ်တကျ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်လိုသည့် သမိုင်းဝင်တန်ခိုးကြီးဘုရား၊ ပုထိုးစေတီများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများနှင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများစွာ ရှိကြကြောင်း၊ မိမိနိုင်ငံတော် တာဝန်ထမ်းဆောင်ချိန်တွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် အဆောက်အအုံများကို ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နေရာများသည် နိုင်ငံတော်၏ သမိုင်းကြောင်း အစဉ်အလာကြီးမားမှုနှင့် ယဉ်ကျေးမှု စရိုက်လက္ခဏာမြင့်မားမှုတို့ကို ဖော်ညွှန်းနေခြင်းဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများစွာကိုလည်း ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားများ ဝင်ရောက်ခြင်းဖြင့် ၎င်းတို့၏ စားသောက်နေထိုင်သွားလာရေးများကို ဝန်ဆောင်မှုပေးနိုင်ခြင်း၊ ဒေသထွက်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများရောင်းချခြင်း စသည်ဖြင့် ဒေသအတွက်ဝင်ငွေများကို ရရှိစေမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းများ တိုးတက်စေရေး မိမိတို့ဒေသအလိုက် သန့်ရှင်းသာယာလှပရေးနှင့် ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျဖြစ်စေရေး၊ ရေစီးရေလာကောင်းမွန်ပြီး စိမ်းလန်းစိုပြည်ကာ သန့်ရှင်းသာယာလှပသည့်ဒေသများ ဖြစ်စေရေးအတွက်လည်း စိစစ်ကြပ်မတ်ခြင်းများ၊ စီမံခန့်ခွဲပေးခြင်းများဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။




**ဒေသတွင်းစားရေးဖူလုံမှုရှိစေရေး အလေးထားဆောင်ရွက်**

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍လည်း မိမိတို့တိုင်းဒေသကြီးအလိုက် နေထိုင်သည့် လူဦးရေအပေါ်တွင်မူတည်၍ ဒေသ၏စားရေးဖူလုံမှုရှိအောင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တွက်ချက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ငါးမွေးမြူခြင်းလုပ်ငန်းများကို ယခုထက်တိုးချဲ့ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌လည်း အသား၊ ငါးများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်သူများ စားသောက်မှုအဆင်ပြေစေရေးသည် နိုင်ငံ့အရေးပင်ဖြစ်ပြီး မိမိတို့ဒေသအတွင်း ပြည်သူများ၏ စားသောက်မှုအဆင်ပြေစေရေး ဒေသအလိုက်တာဝန်ရှိသူများက အလေးထားဂရုပြုကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်မှလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး လက်တွေ့အကောင်အထည်ဖော်ရမည်မှာ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များပင်ဖြစ်ကြောင်း။

ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံအနေဖြင့် နှစ်စဉ် ပြည်ပမှ စားသုံးဆီများကို တင်သွင်းရလျက်ရှိပြီး နိုင်ငံခြားငွေများကို သုံးစွဲရလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော်လည်း ပြည်တွင်းတစ်ဦးချင်းဆီစားသုံးမှုနှုန်းမှာ များပြားလျက်ရှိကြောင်း၊ ထို့ကြောင့် ဆီစားသုံးမှုကို လျှော့ချသွားကြရန်လိုပြီး ဆီကိုလိုအပ်သည်ထက် ပိုမိုစားသုံးမည်ဆိုပါက လူတစ်ဦးချင်းစီ၏ ကျန်းမာရေးကိုလည်းထိခိုက်စေနိုင်ကြောင်း၊ မိမိတို့၏ကျန်းမာရေးကို ထိခိုက်စေမည့် ဆီအလွန်အကျွံစားသုံးခြင်းများကို ရှောင်ကျဉ်သွားကြရန်လိုကြောင်း။

ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့အနေဖြင့် စီးပွားရေးအခြေခံကောင်းများနှင့် စိုက်ပျိုးမွေးမြူရေးရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ဒေသနှင့်နိုင်ငံ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

PPIB News

❒ **မြစ်ကြီးနားမှ**

ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြေးဆွဲမည့် ရထားတွဲဆိုင်းကို ဖွင့်လှစ်ပေးသည်။

ထို့နောက် မြစ်ကြီးနားဘူတာမှ မိုးညှင်းဘူတာအထိ လိုက်ပါစီးနင်းကြမည့် ခရီးသွားပြည်သူများအား နှုတ်ဆက်၍ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က မိုးကောင်း၊ တောင်နီ၊ မင်းကုန်း၊ ဟိုပင်၊ မြို့သစ်ကလေးနှင့် ခရီးဆုံးဘူတာဖြစ်သည့် မိုးညှင်းဘူတာအထိ ရထားစီးပြည်သူများနှင့်အတူ လိုက်ပါစီးနင်းကြပြီး ဒေသခံပြည်သူများကို နှုတ်ဆက်အားပေးစကားများ ပြောကြားသည်။

ယနေ့ စတင်ပြေးဆွဲသည့် အမှတ် (၄၉) အဆန် မိုးညှင်း–မြစ်ကြီးနား လူစီးရထားသည် မိုးညှင်းဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ မြစ်ကြီးနားဘူတာသို့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ အမှတ် (၅၀) အစုန် မြစ်ကြီးနား–မိုးညှင်း လူစီးရထားသည် မြစ်ကြီးနားဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ မိုးညှင်းဘူတာသို့ မွန်းလွဲ ၁ နာရီတွင်လည်းကောင်း ရောက်ရှိသည်။

ခရီးစဉ် လက်မှတ်ခနှုန်းထားမှာ ခရီးစဉ် အစ/အဆုံး အထက်တန်း ငွေကျပ် ၂၅၀၀၀ နှင့် ရိုးရိုးတန်း ငွေကျပ် ၁၅၀၀၀ ကျသင့်မည်ဖြစ်ပြီး ခရီးစဉ်တစ်လျှောက် ဘူတာစဉ် ရပ်တန့်ပေးမည်ဖြစ်ကာ လက်မှတ်များကို သက်ဆိုင်ရာ ဘူတာများတွင် အထက်တန်း သုံးရက်နှင့် ရိုးရိုးတန်းအတွက် တစ်ရက် ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်သည်။

မြစ်ကြီးနား–မိုးညှင်း–မြစ်ကြီးနားခရီးစဉ်ကို ခရီးသွားပြည်သူများ လုံခြုံစိတ်ချစွာ သက်သောင့်သက်သာ စီးနင်းလိုက်ပါနိုင်ရေးအတွက် လူစီးရထားခရီးစဉ်ကို ပြေးဆွဲပေးခြင်းဖြစ်ပြီး မြန်မာ့မီးရထားအနေဖြင့် လမ်းပိုင်းများ ပိုမိုကောင်းမွန်လာခြင်း၊ ခေတ်မီအချက်ပြစနစ် တပ်ဆင်အသုံးပြုနိုင်ခြင်း၊ ခေတ်မီစက်ခေါင်းနှင့် တွဲများ အသုံးပြုလာနိုင်ပြီးဖြစ်၍ ရထားအမြန်နှုန်း တိုးမြှင့်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## စစ်တွေမြို့နယ်ရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**စစ်တွေ ဇူလိုင် ၂၁**

စစ်တွေမြို့နယ်အတွင်း အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆန်နှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့်အဖွဲ့သည် အငြိမ်းစားဝန်ထမ်းများအား မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ပင်စင်လစာထုတ်ပေးနေမှု၊ စစ်တွေမြို့ ခုတင် (၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများနှင့် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးကာ အငြိမ်းစားဝန်ထမ်းများအား ဆန်နှင့်စားသောက်ဖွယ်ရာများ၊ ဆေးဝါးများပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်း ယာယီနေရပ်စွန့်ခွာသူများ၏ လူဦးရေစာရင်း မှန်ကန်စေရေးနှင့် အုပ်ချုပ်မှု ကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းရေးအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများက ယာယီနေရပ်စွန့်ခွာသူများ၏ လူဦးရေစာရင်း မှန်ကန်စေရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရန်လိုအပ်သည်များကို ဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

○ **မြောင်းမြမြို့မှ**

ထို့သို့ဆောင်ရွက်ရာတွင် မြောင်းမြမြို့၏ လူစည်ကားရာနေရာဖြစ်သည့် မြကန်သာပန်းခြံလမ်းဆုံ၊ ဦးဘဦးလမ်းမကြီး၊ ဆောက်လုပ်ရေးအင်ဂျင်နီယာဦးစီးရုံးရှေ့များ၌ အမှတ် (၈၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (မြောင်းမြ)မှ တပ်ဖွဲ့စုမှူး ရဲမှူး မြင့်လွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးခြင်းနှင့် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးစိုးနိုင်၊ မြောင်းမြခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇေယျာ(ပြန်/ဆက်)**

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၂၁**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးနဝမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၈ဦး တက်ရောက်သဖြင့် ၉၈ ဒသမ ၈၆ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးဇင်မင်းထက်က လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီအရင်ခံစာကို ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jang Phang နော်တောင်က ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၂၆ခုနှစ်)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယက က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသော ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အား ဆက်လက်အတည်ဖြစ်စေရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဦးအေးပိုင်**က ဖလမ်းမြို့နယ်နှင့် တွန်းဇံမြို့နယ်တို့မှအပ ကျန်သည့်မြို့နယ်များတွင် နယ်မြေမတည်ငြိမ်မှုဖြစ်နေဆဲ အခြေအနေရှိပါကြောင်း၊ ထို့ကြောင့် ကျန်ရှိနေသည့် နယ်မြေများကို နယ်မြေတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး ရရှိစေရန်အတွက် အရေးပေါ်အခြေအနေ ကြေညာပြီး တပ်မတော်က ဆက်လက်တာဝန်ယူဆောင်ရွက်ရန် လိုအပ်နေသေးပါကြောင်း၊ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၃၃၇ တွင် တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကကျသည့် လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

ပုဒ်မ ၃၃၈ တွင်လည်း နိုင်ငံအတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် ရှိရမည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ၄၁၂(က)တွင် တိုင်းဒေသကြီး/ပြည်နယ်တစ်ခု၏ နယ်မြေ၏အစိတ်အပိုင်းတွင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို အန္တရာယ်ပြုသည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့အာဏာတည်သော အမိန့်ကို ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပုဒ်မ ၄၁၃(က)တွင် နယ်မြေအခြေအနေ မူလအတိုင်း ပြန်လည်ရောက်ရှိစေရန် တပ်မတော်၏အကူအညီကို ရယူနိုင်ကြောင်းနှင့် ပုဒ်မ ၄၁၆တွင် နိုင်ငံတော်သမ္မတ၏တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးက အချိန်ကာလထပ်မံတိုးမြှင့်ပြီး ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို တိုးမြှင့်အာဏာတည်စေရမည်ဟုလည်း ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် နယ်မြေမတည်မငြိမ်ဖြစ်နေသည့် ကျန်မြို့နယ်များအတွက် အခြေခံဥပဒေပုဒ်မ ၂၁၂(ဃ)အရ သက်တမ်းတိုးပေးရန်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေ**က နိုင်ငံတစ်နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးတို့သည် နိုင်ငံတော်၏အဓိကတာဝန်များ ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ တင်ပြချက်များနှင့် လက်ရှိအခြေအနေများကို လေ့လာသုံးသပ်ရာတွင် အရေးပေါ်ကြေညာထားသည့် မြို့နယ်ပေါင်း ၆၀ အနက် ချင်းပြည်နယ်ရှိ တွန်းဇံမြို့နယ်နှင့် ဖလမ်းမြို့နယ်တို့မှအပ ကျန်မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခြင်းမရှိသေးသည်ကို သိရှိရပါကြောင်း။

လက်ရှိတွင် အရေးပေါ်ကြေညာထားသော မြို့နယ်များ၌ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ အများပြည်သူ၏ လုံခြုံရေးကို ထိခိုက်နိုင်သော အခြေအနေများနှင့် အုပ်ချုပ်ရေးလုပ်ငန်းများကို ပုံမှန်အတိုင်း ဆောင်ရွက်ရန် အခက်အခဲများရှိနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ ယခုအချိန်တွင် အရေးပေါ်အခြေအနေကို ရုပ်သိမ်းလိုက်ပါက ဒေသတည်ငြိမ်ရေးနှင့် ပြည်သူ့လုံခြုံရေးအပေါ် မလိုလားအပ်သည့် ဆိုးကျိုးများဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ထို့ပြင် လက်နက်ကိုင်ပဋိပက္ခနှင့် လုံခြုံရေးစိန်ခေါ်မှုများ၊ အုပ်ချုပ်ရေးအခက်အခဲများ၊ ပြည်သူများ၏နေ့စဉ်ဘဝလုံခြုံစွာ ဖြတ်သန်းနိုင်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များ ဆက်လက်ရှိနေဆဲဖြစ်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများက ဥပဒေနှင့်အညီ မိမိတို့တာဝန်များကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ်အခြေအနေကြေညာချက်ကို နောက်ထပ် ရက်(၉၀) ဆက်လက်အတည်ဖြစ်စေရန် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ**က ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်နယ်စပ်ဒေသတစ်ခုသာ မဟုတ်ဘဲ အိန္ဒိယနိုင်ငံသို့ ဝင်ပေါက်၊ တောင်အာရှသို့ ဆက်သွယ်ပေးမည့် မဟာဗျူဟာမြောက် တံခါးပေါက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ချင်းပြည်နယ်၏ တည်ငြိမ်အေးချမ်းမှုသည် ချင်းပြည်နယ်အတွက်သာ မဟုတ်ဘဲ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အမျိုးသားလုံခြုံရေးအတွက်ပါ အလွန်အရေးကြီးပါကြောင်း၊ ချင်းပြည်နယ်တွင် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှု အမြန်ဆုံးပြန်လည်ရရှိလာခြင်းသည် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက်သာမက ဒေသတွင်း အပြန်အလှန်အကျိုးဖြစ်ထွန်းမှုကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး၊ မဟာဗျူဟာမြောက် ဖွံ့ဖြိုးရေးစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် ချင်းပြည်နယ်တွင် ပုံမှန်အုပ်ချုပ်ရေးလုပ်ငန်းများ အမြန်ဆုံး ပြန်လည်စတင်နိုင်ရေးတို့ကို ရည်ရွယ်၍ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/၂၀၂၆)အား နောက်ထပ်ရက်ပေါင်း (၉၀) ဆက်လက်အတည်ဖြစ်စေရန် ပြည်ထောင်စုလွှတ်တော်မှ သဘောတူညီချက်ပေးရန် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးရန်နိုင်ဦး**က ယခင်က ထုတ်ပြန်ထားခဲ့သည့်ဥပဒေကဲ့သို့အာဏာတည်သော အမိန့် အမှတ်(၁/၂၀၂၆)နှင့် (၂/၂၀၂၆)တို့သည် စတင်ထုတ်ပြန်သည့်နေ့မှစ၍ သတ်မှတ်ပြဋ္ဌာန်းကာလ မူလရက်(၉၀) ပြည့်မြောက်မည်ဖြစ်သော်လည်း နိုင်ငံတော်၏ အခြေအနေအရပ်ရပ်သည် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/၂၀၂၆) တွင် ဖော်ပြပါရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးက မြို့နယ်များအနက် ချင်းပြည်နယ် တွန်းဇံမြို့နယ်နှင့် ဖလမ်းမြို့နယ်တို့မှအပ ကျန်မြို့နယ်များသည် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများသည် မူလကဲ့သို့ ကောင်းမွန်သည့် အခြေအနေများကို ပြန်လည်ရောက်ရှိခြင်း မရှိသေးသည့်အတွက် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ဘဝအာမခံချက်၊ တိုင်းပြည်၏အချုပ်အခြာ ပိုမိုလေးနက်တည်ငြိမ်စွာ တည်ဆောက်နိုင်ရေးကို လုံလောက်သည့် အချိန်တစ်ခုထပ်မံရရှိရန် လိုအပ်နေသေးသည့်အားလျော်စွာ သတ်မှတ်ပြဋ္ဌာန်းကာလကို နောက်ထပ်ရက်ပေါင်း (၉၀)အထိ ဆက်လက်တည်ရှိရန် မလွဲမသွေလိုအပ်ပါကြောင်း။

ထို့ကြောင့် ချင်းပြည်နယ် တွန်းဇံမြို့၊ ဖလမ်းမြို့တို့မှအပ ကျန်မြို့နယ်များသည် မူလအခြေအနေအတိုင်း တည်ငြိမ်အေးချမ်းလုံခြုံမှုမရှိသေးသည့်အတွက် မူလအတိုင်း အသားသေအောင် နောက်ထပ်ထပ်မံ၍ လုံလောက်သည့် နေ့ရက်အချိန်ကာလတစ်ခုအထိ ဆက်လက်အတည်ဖြစ်စေရန် မလွဲမသွေလိုအပ်လျက်ရှိပါသဖြင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးကျော်ဇင်ထွန်း**က ဖလမ်းမြို့နယ်နှင့် တွန်းဇံမြို့နယ်တို့အား စစ်အုပ်ချုပ်ရေးမှ ချန်လှပ်ပေးထားခြင်းသည် မြေပြင်လုံခြုံရေး၊ စစ်ရေးနှင့် အုပ်ချုပ်ရေးအခြေအနေများကို အခြေခံ၍ ဆုံးဖြတ်ထားသည့် လက်တွေ့ကျသော ဆုံးဖြတ်ချက်ဖြစ်သည်ဟုယူဆပါကြောင်း၊ တစ်နိုင်ငံလုံးကို တစ်ပြိုင်နက်တည်း စစ်အုပ်ချုပ်ရေးသက်တမ်းတိုးခြင်းမျိုးမဟုတ်ဘဲ ဒေသတစ်ခုချင်းစီ၏ တည်ငြိမ်မှုအခြေအနေကို သီးခြားသုံးသပ်၍ ဖလမ်းနှင့် တွန်းဇံမြို့နယ်များကို ချန်လှပ်ပေးခြင်းသည် ဥပဒေ၏ ရည်ရွယ်ချက်နှင့်လည်း ကိုက်ညီသကဲ့သို့ မြေပြင်အခြေအနေနှင့်လည်း လိုက်လျောညီထွေရှိသော ဆုံးဖြတ်ချက်ဖြစ်ပါကြောင်း။

စစ်အုပ်ချုပ်ရေးသည် နိုင်ငံတော်၏ လုံခြုံရေးနှင့် တည်ငြိမ်ရေးအတွက် ယာယီအသုံးပြုရသည့် အရေးပေါ်ဥပဒေဆိုင်ရာ အစီအမံဖြစ်သော်လည်း၊ အန္တိမရည်မှန်းချက်သည် အရပ်ဘက်အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ ပုံမှန်လူမှုစီးပွားဘဝကို အမြန်ဆုံးပြန်လည်ဖော်ဆောင်ပေးနိုင်ရေးဖြစ်သင့်ပါကြောင်း၊ ထို့ကြောင့် ဖလမ်းမြို့နယ်နှင့် တွန်းဇံမြို့နယ်တို့အား စစ်အုပ်ချုပ်ရေးမှ ချန်လှပ်ပေးထားခြင်းကို ထောက်ခံကြောင်း၊ ကျန်မြို့နယ်များတွင်လည်း တည်ငြိမ်ရေးပြန်လည်ရရှိသည်နှင့် တစ်ပြိုင်တည်းစစ်အုပ်ချုပ်ရေးကို အမြန်ဆုံးရုပ်သိမ်း၍ အရပ်ဘက်အုပ်ချုပ်ရေးစနစ်သို့ ပြန်လည်ကူးပြောင်းနိုင်ရေးကို အလေးထားဆောင်ရွက်ပေးပါရန်နှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကမ္ဘာ့ဉာဏ်ရည်တု နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (World Artificial Intelligence Cooperation Organization) ဖွဲ့စည်းတည်ထောင်ခြင်း သဘောတူညီချက်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်**က မိမိတို့နိုင်ငံအနေဖြင့် ရရှိမည့်အကျိုးကျေးဇူးသည် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများထက် ပိုမိုများပြားပါကြောင်း၊ စိန်ခေါ်မှုများကို မိမိတို့၏ လွတ်လပ်သည့် နိုင်ငံခြားရေးမူဝါဒနှင့် စီမံခန့်ခွဲနိုင်မည်ဖြစ်သည့်အတွက် စာချုပ်ကို အတည်ပြုပေးရန် ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံအတွက် ကုန်ကျစရိတ်နည်းပါးပြီး အကျိုးအမြတ်များမည့် နည်းပညာဆိုင်ရာ မဟာဗျူဟာမြောက် စာချုပ်တစ်ခုဖြစ်ပါကြောင်း။

ယင်းစာချုပ်သည် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို မထိခိုက်စေသည့်အပြင် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာနှင့်ပညာရေးကဏ္ဍမြှင့်တင်ရေးတို့အတွက် များစွာအကျိုးကျေးဇူးဖြစ်ထွန်းအားပေးမည်ဖြစ်သည့်အတွက် WAICO စာချုပ်တွင် မြန်မာနိုင်ငံအနေဖြင့် Founding Member အဖြစ် ဝင်ရောက်နိုင်ရေးကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးသည်။

**တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ**က WAICO သို့ ဝင်ရောက်ခြင်းသည် ဘက်စုံသံတမန်ရေးမူဝါဒကို ပိုမိုအားဖြည့်ဆောင်ရွက်ရာရောက်ပြီး အရှေ့တောင်အာရှနှင့် အာရှဒေသတွင်း နိုင်ငံများနှင့် နည်းပညာဆိုင်ရာဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဖြစ်ပါကြောင်း၊ WAICOနှင့် ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် မြန်မာနိုင်ငံ၏ ဉာဏ်ရည်တုစွမ်းဆောင်ရည်ကို

**စာမျက်နှာ ၇ သို့** ☆

☆ စာမျက်နှာ ၆ မှ
မြင့်တင်နိုင်မည်ဖြစ်ပြီး ဉာဏ်ရည်တုဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများကိုပါ အဆင့်မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်များနှင့် ဒစ်ဂျစ်တယ်ခေတ်ရေစီးကြောင်းတွင် တိုးတက်မြင့်မားလာမည့် နိုင်ငံတော်အကျိုးစီးပွားကို ရှေးရှုလျက် ဤကမ္ဘာ့ဉာဏ်ရည်တုနည်းပညာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (WAICO)သို့ မြန်မာနိုင်ငံ ဝင်ရောက်လက်မှတ်ရေးထိုးရေး အဆိုပြုချက်ကို ပြည်ထောင်စုလွှတ်တော်က ကန့်ကွက်ရန်မရှိဘဲ အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၈) ဦးကြည်လင်းထက်**က AI နည်းပညာကို လူသားအကျိုးပြု အသုံးချနိုင်ရေးကို အလေးထားခြင်းကြောင့် နိုင်ငံတကာအသိုက်အဝန်း၏ ယုံကြည်မှုကို တိုးမြှင့်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယင်းအဖွဲ့အစည်းတွင် ပါဝင်ခြင်းအားဖြင့် မြန်မာနိုင်ငံသည် AI နည်းပညာဆိုင်ရာ သုတေသန၊ နည်းပညာလွှဲပြောင်းမှု၊ ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် နိုင်ငံတကာအတွေ့အကြုံများ ဖလှယ်နိုင်မည့် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအတွက် နည်းပညာကွာဟချက်ကို လျှော့ချနိုင်မည့် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်ပါကြောင်း။

ယင်းသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းသည် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုတွင် အဖွဲ့ဝင်ဖြစ်လာခြင်းသာမဟုတ်ဘဲ နိုင်ငံ၏ အနာဂတ်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းသစ်များကို ဖန်တီးပေးခြင်းလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွား၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးနှင့် ပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ အဆိုအား အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေ**က မြန်မာနိုင်ငံအနေဖြင့် အဆိုပါ သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးပါက AI နည်းပညာဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် သတင်းအချက်အလက်ဖလှယ်မှုများတွင် ပါဝင်နိုင်မည်ဖြစ်ပါကြောင်း၊ AI သုတေသန နည်းပညာလွှဲပြောင်းမှု ကျွမ်းကျင်ပညာရှင်များ လေ့ကျင့်ပျိုးထောင်ရေးနှင့် စွမ်းအင်မြှင့်တင်ရေး အစီအစဉ်များတွင် အကျိုးခံစားခွင့်များ ရရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် e-Government လုပ်ငန်းများကို AI နည်းပညာဖြင့် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ခန့်မှန်းရေးနှင့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍများတွင် AI နည်းပညာအသုံးပြုမှုကို ပိုမိုတိုးချဲ့နိုင်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်းသဘောတူညီချက်တွင် ပါဝင်လက်မှတ်ထိုးနိုင်ရေးကို အတည်ပြုချက်ရယူပေးပါရန် ထောက်ခံဆွေးနွေးသည်။

**ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဦးဇော်ဇော်မြင့်**က နိုင်ငံအသီးသီးက လုံခြုံရေးနှင့်အတူ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားရုန်းကန်နေကြရသည့် ယခုကာလမျိုးတွင် ကမ္ဘာကြီး၏ အနာဂတ် အကောင်း၊ အဆိုးအား နည်းပညာကသာ အဆုံးအဖြတ်ပေးမည်ကို သိသာထင်ရှားနေပါကြောင်း၊ ကဏ္ဍပေါင်းစုံ၏ နည်းပညာ ဆန်းသစ်တိုးတက်မှုများတွင် AI Software နှင့် Chip ထုတ်လုပ်မှုသည် အဓိကဖြစ်နေပြီး AI နည်းပညာဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် တရုတ်နိုင်ငံမှ ဦးဆောင်လာနိုင်သည်ကိုလည်း ထင်ရှားစွာတွေ့မြင်နေရပါကြောင်း။

AI နှင့် လွတ်ကင်းသည်မရှိ (Everywhere Anything AI)ဆိုသည့် ကမ္ဘာကြီးဖြစ်လာမည်မှာ မဝေးတော့သော်လည်း လူသားများကသာ နည်းပညာကို တီထွင်ဆန်းသစ် ထိန်းချုပ်ထားခြင်းဖြစ်ပါ၍ လူသားသည်သာ အဓိကဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (WAICO) တည်ထောင်ခြင်းဆိုင်ရာ သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ကိစ္စအပေါ် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် လက်တွေ့ကျကျ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်လှထွေး**က WAICO ကဲ့သို့သော နိုင်ငံတကာ AI ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် မြန်မာနိုင်ငံ ပါဝင်ဆောင်ရွက်ခြင်းသည် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အကျိုးကျေးဇူးရှိနိုင်ပါကြောင်း၊ သို့သော် ပါဝင်ဆောင်ရွက်ရာတွင် အမျိုးသားအကျိုးစီးပွား၊ ဥပဒေစည်းမျဉ်းများနှင့် လုံခြုံရေးကို အခြေခံ၍ ဂရုတစိုက် ဆောင်ရွက်သင့်ပါကြောင်း။

AI နည်းပညာသည် အနာဂတ်၏ အရေးပါဆုံးနည်းပညာများထဲမှ တစ်ခုဖြစ်သဖြင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများတွင် သင့်လျော်စွာ ပါဝင်ဆောင်ရွက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏အကျိုးစီးပွားကို များစွာ အထောက်အကူပြုနိုင်သည့်အတွက် နေ့စဉ်တိုးတက်နေသော နည်းပညာများကို လေ့လာဆည်းပူးပြီး မလိုလားအပ်သော ကိစ္စရပ်များမဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ထိန်းသိမ်းပြီး ဆောင်ရွက်ပေးကြပါရန်နှင့် WAICO တည်ထောင်ခြင်းဆိုင်ရာ သဘောတူညီချက်တွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်မှုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၃) ဦးခင်မောင်ထွေး(ခ) မင်းစောနွယ်**က ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် နိုင်ငံတကာ သုတေသနအသိုက်အဝန်းများအကြား ပူးပေါင်းမှု ပိုမိုအားကောင်းလာစေခြင်း၊ AI နည်းပညာ၏ အန္တရာယ်များနှင့် စိန်ခေါ်မှုများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စုပေါင်းလျှော့ချနိုင်ခြင်း၊ နည်းပညာလွှဲပြောင်းရယူနိုင်ခြင်းကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးကို အရှိန်အဟုန်ဖြင့် မြှင့်တင်နိုင်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ AI စီမံအုပ်ချုပ်မှုတွင် ညီညွတ်မျှတသော စံနှုန်းများ ပေါ်ထွက်လာခြင်း စသည့်အားသာချက်များကို တွေ့ရှိရပါကြောင်း။

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို အခြေခံပြီး ဘေးကင်း၍ တရားမျှတသော AI ဂေဟစနစ်ပေါ်ထွန်းလာစေရန် နိုင်ငံတကာ ဥပဒေကြောင်းအရ သီးခြားရပ်တည်မည့် မဟာဗျူဟာမြောက်အဖွဲ့အစည်းဖြစ်ပြီး ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများအကြား နည်းပညာနှင့် အရင်းအမြစ်များ တန်းတူညီမျှရရှိစေရန်နှင့် စနစ်တကျ ပြဋ္ဌာန်းထားသဖြင့် ဤသဘောတူညီချက်တွင် မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးသင့်ကြောင်း ထောက်ခံဆွေးနွေးသည်။

**တနင်္သာရီတိုင်းဒေသကြီးအမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးသန်းအေး(ခ) ဦးတင်ဦး**က ကောင်းကျိုး၊ ဆိုးပြစ် နှစ်တန်ပြိုင်တူပေးစွမ်းနိုင်သည့် AI ဉာဏ်ရည်တုနည်းပညာ အရှိန်အဟုန်ကြီးမားစွာ ထွန်းကားပြန့်ပွားလာသည့်အချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူသားများသည် AI ၏ ကောင်းကျိုးများကို အတူမျှဝေခံစားရင်း AI ကို တလွဲသုံးခြင်း၊ ဘက်လိုက်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်နှင့် စိန်ခေါ်မှုများကို ကမ္ဘာ့နိုင်ငံများအားလုံးက စုပေါင်းကာကွယ်တားဆီးကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း လက်ရှိနှင့် အနာဂတ်ကာလအတွက် လုံခြုံစိတ်ချဘေးကင်းသော AI နည်းပညာနယ်ပယ်တစ်ရပ်ရှိရန် အရေးတကြီးလိုအပ်နေခြင်း၊ နိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာ၊ လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာပိုင်မှုတို့ကို အပြည့်အဝအသိအမှတ်ပြုထားခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့အား အမှန်တကယ်ထိရောက်အကျိုးရှိစေနိုင်ခြင်းဟူသော အခြေခံစံ(၃) ချက်နှင့်ကိုက်ညီသော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ဖြစ်ကြောင်း စိစစ်သုံးသပ်ရပါကြောင်း၊ ထို့ကြောင့် ဤစာချုပ်တွင် မြန်မာနိုင်ငံအနေဖြင့် တည်ထောင်သူအဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်လက်မှတ်ထိုးရန် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**လှိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးချမ်း**က article 5 ပါ Council နှင့် secretariat တွင် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားများ ခန့်အပ်နိုင်ကြောင်း article 8 တွင် ထပ်မံဖော်ပြထားပါကြောင်း၊ မြန်မာနိုင်ငံ ကိုယ်စားပြုတစ်ယောက်ကို အချိန်ပြည့် တာဝန်ထမ်းဆောင်ရန် တောင်းဆိုသင့်ပါကြောင်း၊ WAICO ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများကို စီမံအုပ်ချုပ်နိုင်သည့် အရည်အချင်း၊ အတွေ့အကြုံများလည်း လိုအပ်နေပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းကို စီမံခန့်ခွဲနိုင်သည့် အတွေ့အကြုံများမရှိပါက မြန်မာပြည်အလှည့်ကျ ဦးဆောင်ရမည့်အချိန်ကျစေကာမူ အကြောင်းပြချက်မျိုးစုံဖြင့် အခွင့်အရေးကို မျက်ကွယ်ပြုကြမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် Founding Member တစ်ယောက်၏ ခွင့်အာဏာများကို အခြား member များ မတောင်းဆိုမီ ဦးစွာ တောင်းဆိုဆောင်ရွက်ပေးရန်နှင့် မြန်မာနိုင်ငံသားများ ကမ္ဘာနှင့် ဒေသအဖွဲ့များ စီမံအုပ်ချုပ်သည့် အတွေ့အကြုံများရရှိရန် council နှင့် secretariat တွင် မြန်မာနိုင်ငံသားတစ်ယောက် တာဝန်ထမ်းဆောင်ခွင့်ရရှိရန်တို့ ဆောင်ရွက်ပေးပါရန် ထောက်ခံဆွေးနွေးသည်။

**သာကေတမဲဆန္ဒနယ်မှ ဒေါ်အေးမြမြကြိုင်**က ဤသဘောတူညီချက်စာချုပ်သည် မိမိတို့နိုင်ငံ၏ လက်ရှိအကောင်အထည်ဖော်နေသည့် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများ၊ နိုင်ငံတော် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း MSDP ရည်မှန်းချက်များနှင့် တစ်ထပ်တည်းကျနေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် စတင်တည်ထောင်သူအဆင့်တွင် ပါဝင်ခွင့်ရမှသာ နောင်တစ်ချိန် နိုင်ငံတကာ AI စံနှုန်းများနှင့် မူဝါဒများ ချမှတ်သည့်နေရာများတွင် မိမိတို့နိုင်ငံ၏ အသံနှင့် ရပ်တည်ချက်များကို ထည့်သွင်းပြီး တန်းတူရည်တူ ဦးဆောင်ဆွေးနွေးခွင့်ရရှိလာမည်ဖြစ်ပါကြောင်း၊ သဘောတူညီချက်တွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးခြင်းသည် ကမ္ဘာ့ခေတ်ရေစီးကြောင်းကို ရင်ပေါင်တန်းနိုင်စေရန်နှင့် မိဘပြည်သူများအတွက် နည်းပညာဖြင့် အဆင့်မြင့်သည့် လူမှုပတ်ဝန်းကျင်ကောင်းတစ်ရပ်ဖော်ဆောင်ပေးရန်အတွက် မလွဲမသွေ လိုအပ်သောလုပ်ငန်းစဉ်ဖြစ်ပါသောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်**က AI ကို အသုံးပြု၍ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ကျွမ်းကျင်ပညာရှင်များ ပိုမိုမွေးထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုများဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုများ၊ ပညာရေးစနစ်၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ခန့်မှန်းရေး စသည့်ကဏ္ဍများတွင် AI ကို အသုံးပြု၍ ဝန်ဆောင်မှုအရည်အသွေး မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း။

ဖွံ့ဖြိုးဆဲနိုင်ငံအတွက် ဉာဏ်ရည်တု(AI) နည်းပညာကို စနစ်တကျ အသုံးပြုခြင်းဖြင့် အကျိုးကျေးဇူးများစွာရရှိပြီး ကောင်းမွန်သည့် အထောက်အကူများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများနှင့် နည်းပညာချိတ်ဆက်ဖလှယ်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် WAICO ဖွဲ့စည်းတည်ထောင်ခြင်း သဘောတူညီချက်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ပေါင်းတည်မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်း**က AI နည်းပညာဖွံ့ဖြိုးလာသည်နှင့်အမျှ ကိုယ်ရေးအချက်အလက်လုံခြုံရေး၊ AI နှင့် သတင်းအမှားများ ပြုလုပ်ခြင်း၊ မူပိုင်ခွင့်ချိုးဖောက်ခြင်းနှင့် ကျင့်ဝတ်ဆိုင်ရာ ပြဿနာများကိုလည်း အလေးထားစီမံခန့်ခွဲရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် AI အသုံးပြုမှုအတွက် ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့် ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက်များကို နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီအောင် တည်ဆောက်သင့်ပါကြောင်း၊ သို့ပါ၍ မြန်မာနိုင်ငံ၏ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့ဝန်ဆောင်မှု အရည်အသွေးများ မြှင့်တင်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရေးအတွက် ယင်းသဘောတူညီချက်တွင် မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးရေးကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က အဆိုပါ သဘောတူညီချက်ကို မြန်မာနိုင်ငံကိုယ်စား ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပါဝင်လက်မှတ်ရေးထိုးသွားနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၉ (က)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၅ (က) ပါ ပြဋ္ဌာန်းချက်တို့အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ၂၀၂၆ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုလွှတ်တော်နာယကကြီးထံသို့ သဝဏ်လွှာပေးပို့ခဲ့ခြင်းဖြစ်ပါကြောင်း။

သဝဏ်လွှာတွင် ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အား ကုလသမဂ္ဂပဋိညာဉ်၏ ရည်ရွယ်ချက်၊ မူဝါဒသဘောတရားများနှင့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအစီအစဉ် ၂၀၃၀ ကို အကျိုးပြုစေရန်အတွက် တည်ထောင်ခြင်းဖြစ်ကြောင်း၊ အစိုးရအချင်းချင်းဆက်သွယ်သည့် လွတ်လပ်သော နိုင်ငံတကာ အဖွဲ့အစည်းတစ်ရပ်အနေဖြင့် တည်ထောင်၍ အပြည်ပြည်ဆိုင်ရာ ဥပဒေဂုဏ်ရှိသော အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂပဋိညာဉ်ကိုလိုက်နာကာ တန်းတူညီမျှမှု နိုင်ငံပေါင်းစုံပါဝင်မှုကို ဦးတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဤသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ သတ်မှတ်ထားကြောင်းနှင့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးပါက တည်ထောင်သူအဖွဲ့ဝင်နိုင်ငံအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်ကြေးနှစ်စဉ် ထည့်ဝင်ရမည်ဖြစ်ကြောင်း၊ ဤသဘောတူညီချက်နှင့် အဖွဲ့အစည်းမှ နုတ်ထွက်မည်ဆိုပါက အကြောင်းကြားစာပေးပို့ပြီး တစ်နှစ်ပြည့်မြောက်သည့်အချိန်တွင် အာဏာသက်ရောက်မည်ဖြစ်ကြောင်းတို့ကို ဖော်ပြထားပါကြောင်း။

ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း သဘောတူညီချက်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့တွင် ၂၀၂၆ ခုနှစ် ဇူလိုင် ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တုနည်းပညာဆွေးနွေးပွဲနှင့် ကမ္ဘာတစ်ဝန်းဉာဏ်ရည်တု အုပ်ချုပ်မှုဆိုင်ရာ အဆင့်မြင့်အစည်းအဝေးတွင် မြန်မာနိုင်ငံကိုယ်စား ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ဝန်ကြီးအဆင့် ကိုယ်စားလှယ်တော်ကြီးများ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

စာမျက်နှာ ၈ သို့ ☆

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီဝင်များနှင့် တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင် (I–12) ရှိ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးသက်ပုံက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်၏ ဂုဏ်သိက္ခာမြင့်မားရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ပြည်တွင်းရှိ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့လွှတ်တော်တွင် အစိုးရ၏ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် ကော်မတီ ၂၂ ခုကို ဖွဲ့စည်းထားကြောင်း၊ ကော်မတီများအနေဖြင့် မိမိတို့၏ ရည်မှန်းချက်တာဝန်များအလိုက် နိုင်ငံတော်အတွက် ပြည်သူ့အတွက် အကျိုးရှိမည့် မေးခွန်း၊ အဆိုများ ထွက်ပေါ်စေရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGO) ၃၆၆၆ ခုနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များ (INGO) ၄၅ ခု ရှိသည်ကို တွေ့ရှိရကြောင်း၊ NGO၊ INGO များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်းစာနာထောက်ထားရေး၊ စားရေရိက္ခာ ဖြည့်ဆည်းဆောင်ရွက်ရေးအတွက် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ ကူညီပေးနေသော အဖွဲ့အစည်းများဖြစ်ကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် အဆိုပါအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို ဥပဒေရှုထောင့်မှ သုံးသပ်ပြီး နိုင်ငံတော်အတွက် အကျိုးရှိရှိဆောင်ရွက်နိုင်ရေး စီမံပေးရမည်ဖြစ်ကြောင်း၊ NGO၊ INGO များနှင့် စပ်လျဉ်း၍ သီးခြားဥပဒေများပြဋ္ဌာန်းထားခြင်းမရှိသဖြင့် NGO/ INGO Management Law၊ Foreign Assistance Transparency Law၊ Volunteer Service Law၊ Data Protection Law၊ Public Benefit Organization Law၊ Humanitarian Coordination Law များ ပြဋ္ဌာန်းသင့်၊ မသင့် ဆွေးနွေးဆောင်ရွက်ကြစေလိုကြောင်း။

အဖွဲ့အစည်းများနှင့်ပတ်သက်သည့် တည်ဆဲဥပဒေများကိုလည်း ပြန်လည်ဆန်းစစ်၍ လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိ မရှိ၊ လိုအပ်ချက်များရှိ မရှိ၊ ထပ်မံဖြည့်စွက်ရန် လိုမလို လေ့လာသုံးသပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော NGO၊ INGO များ၏ အရေအတွက်များစိစစ်ခြင်း၊ မှတ်ပုံတင်ဆောင်ရွက်ထားမှု၊ အဖွဲ့အစည်းများ၏ရည်ရွယ်ချက်၊ လုပ်ငန်းနယ်ပယ်အလိုက် အမှန်တကယ်လုပ်ဆောင်နိုင်ခြင်းရှိ မရှိနှင့် ရန်ပုံငွေသုံး စွဲမှု၊ ရန်ပုံငွေရရှိမှု အရင်းအမြစ်များ၊ ငွေကြေးစီးဆင်းမှုကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းစိစစ်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် NGO/INGO များအား တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အခက်အခဲများနှင့် လိုအပ်ချက်များကို လွှတ်တော်တွင် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ကူညီပေးနိုင်သည့် အဖွဲ့အစည်းများဖြစ်ပေါ်လာရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်မည့် လွှတ်တော်သက်တမ်း (၅)နှစ်တာကာလအတွင်းတွင် လွှတ်တော်ကဏ္ဍမြင့်မားတိုးတက်ပြီး လွှတ်တော်သည် နိုင်ငံတော်နှင့် ပြည်သူများမှအားထားရသည့် လွှတ်တော်တစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၇ မှ

ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်းသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခွင့်ရရှိခြင်းဖြင့် မြန်မာနိုင်ငံ၏ AI နည်းပညာခရီးလမ်းကို အတိုင်းအတာတစ်ခုအထိ အထောက်အကူပြု အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်ဖက်တစ်လမ်းက ထောက်ကူအားဖြည့်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ AI နည်းပညာဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတကာပညာရှင်များ၏ အကူအညီများရရှိနိုင်ပြီး လူသား အရင်းအမြစ်မွေးထုတ်ရေးတွင်လည်း များစွာအထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း၊ ထို့ပြင် AI နည်းပညာကို လွဲမှားစွာအသုံးပြုမှု၊ ဘေးထွက်ဆိုးကျိုးများနှင့် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများကို နိုင်ငံတကာနှင့် ဟန်ချက်ညီညီပူးပေါင်းပြီး ကာကွယ်တားဆီးတိုက်ဖျက်နိုင်မည် ဖြစ်ပါကြောင်း။

သို့ပါသောကြောင့် သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးပြီး နိုင်ငံတကာနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ခြင်းသည် မဖြစ်မနေဆောင်ရွက်ရမည့် အရေးကိစ္စဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကို တည်ထောင်ပြီး AI နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘောတူညီချက်တွင် လက်မှတ်ရေးထိုးနိုင်ခြင်းအားဖြင့် မြန်မာနိုင်ငံအတွက် AI နည်းပညာဆိုင်ရာ ကဏ္ဍသစ်တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ခြင်းလည်းဖြစ်ပါကြောင်း။

ယခုကဲ့သို့ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်ကို လက်မှတ်ရေးထိုးခြင်းကိစ္စရပ်အား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ထောက်ခံအတည်ပြုပေးပါသော ပြည်ထောင်စုလွှတ်တော်နာယကနှင့် လွှတ်တော်ကိုယ်စားလှယ်များအား ကျေးဇူးတင်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ အတည်ပြုသဖြင့် အဆိုအား သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးနဝမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးဒသမနေ့ကို ဇူလိုင် ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည်ထောင်စုလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

---



# ပြည်ထောင်စုဝန်ကြီးဦးဆန်းဦး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သီဂီအောင်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ရန်ကုန်-မန္တလေး အမြန်လမ်းဘေးမယ်ညိုတောင်ကြိုးဝိုင်းအတွင်း သစ်တောလုပ်ငန်းများဆောင်ရွက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တံတားဦးမြို့နယ်ရှိ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးအဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးထားသည့် သစ်ပင်များ ရှင်သန်နေမှုအခြေအနေကို စစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံ သစ်တောကျောင်းသို့ ရောက်ရှိပြီး သင်တန်းသားများ တက်ရောက်သင်ကြားနေမှု အခြေအနေ၊ စာသင်ဆောင်၊ သင်တန်းသား အိပ်ဆောင်နှင့် စုဝေးခန်းမ ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် အထူးစိမ်းလန်းစိုပြည်ရေး စိုက်ခင်းဧက ၁၉၀၊ တောင်ပြိုတိုးချဲ့ကြိုးဝိုင်းရှိ ဆင်လမ်း(၂) ရေလှောင်တမံစီမံကိန်း၏ ရေဝေရေလဲဒေသတွင် သစ်တောဦးစီးဌာနမှ ယခုနှစ်မိုးရာသီ၌ စိုက်ပျိုးထားရှိမှုကို သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု

**ကော့သောင်း ဇူလိုင် ၂၁**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်း၌ ရေဆင်းဆိပ်ခံတံတား ပေ ၃၀၀၀ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုသည်။

ထို့နောက် အထက ဇာဒက်ကြီးကျောင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် သွားရောက်တွေ့ဆုံ အမှာစကားပြောကြားပြီး အခက်အခဲနှင့် လိုအပ်ချက်များ မေးမြန်းကာ ချီးမြှင့်ငွေပေးအပ်သည်။

ယင်းနောက် ဆလုံ (မော်ကန်)တိုင်းရင်းသား သက်ကြီးဘိုးဘွားများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး စားသောက်ဖွယ်ပစ္စည်းများ၊ ချီးမြှင့်ငွေများ ပေးအပ်ကာ ဇာဒက်ကြီးကျေးရွာ အဏ္ဏဝါပြခန်းဆောင်တွင် ပြသထားရှိသည့် ဆလုံတိုင်းရင်းသားလူမျိုးများ၏ ရိုးရာနေထိုင်မှု ဓလေ့ဓာတ်ပုံများ၊ အသုံးအဆောင်ပစ္စည်းများ၊ ခရုအမျိုးမျိုးနှင့် ရေထွက်ပစ္စည်း၊ အလှဆင်ပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ တပ်မတော်အကြီးစားစက်ရုံ စက်ရုံခွဲ(ရန်ကုန်) လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၁**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ တပ်မတော် အကြီးစားစက်ရုံ စက်ရုံခွဲ(ရန်ကုန်) လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များသည် စက်ရုံသို့ ရောက်ရှိရာ စက်ရုံဌာနချုပ်ရုံး အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများက စက်ရုံသမိုင်းအကျဉ်း၊ ဌာနခွဲများအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ စက်ရုံ၏ ထုတ်လုပ်နိုင်မှု စွမ်းရည်များ၊ ရည်မှန်းချက် တာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စက်ရုံမှထုတ်လုပ်သည့် Utility Vehicles များ၏ စွမ်းဆောင်ရည်များ၊ Utility Vehicles Component ထုတ်လုပ်မှု အဆင့်ဆင့်နှင့် စက်များတပ်ဆင်အသုံးပြုမှု၊ စက်လိုင်းများ တည်ထောင် ဆောင်ရွက်နေမှု၊ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ မော်တော်ယာဉ်များနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်မှုနှင့် သုတေသနလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တပ်မတော်အကြီးစားစက်ရုံ စက်ရုံခွဲ (ရန်ကုန်) အတွင်း မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်လျက်ရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများ အပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆီသယ်ယာဉ်၊ ရေသယ်ယာဉ်နှင့် မီးသတ်ယာဉ်များသည် တပ်မတော်အတွက် သာမက ဝန်ကြီးဌာနများတွင် အသုံးပြုသည်ဖြစ်သည့်အတွက် အရည်အသွေးပြည့်မီစွာဖြင့် အရေအတွက်များများ ထုတ်လုပ်နိုင်ရေး ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားရန်၊ MSME လုပ်ငန်းများ၏ ကုန်ကြမ်း လိုအပ်ချက်များကို ထုတ်လုပ်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်၊ သုံးစွဲသူများ၏လိုအပ်ချက်များကိုလည်း မှတ်တမ်းများပြုစု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ အရည်အသွေးပြည့်ဝသည့် ထုတ်ကုန်ပစ္စည်းများ ဖြစ်အောင်ကြိုးပမ်း ဆောင်ရွက်သွားရန်၊ စက်ရုံမှထုတ်လုပ်သည့် မော်တော်ယာဉ်များအား ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုအပ်ချက်များအပေါ် မူတည်၍ ပို့ဆောင်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားရန်၊ မော်တော်ယာဉ်များ ထုတ်လုပ်ရာတွင် ယခုထက်ပိုမိုကောင်းမွန်ပြီး နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီသည့် နည်းပညာမြင့်ကားများထုတ်လုပ်နိုင်ရေးအတွက်လည်း ဆက်လက်သုတေသနပြု ဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းမိသားစုများ၏ သက်သာချောင်ချိရေးများကိုလည်း တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရန် စသည်တို့နှင့် ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါစက်ရုံရှိ ပုံဖိအလုပ်ရုံ၊ ဘို့နှင့်နပ် အလုပ်ရုံနှင့် Tank တပ်ဆင်ရေး အလုပ်ရုံများ အတွင်း မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများအား ခေတ်မီစက်ကိရိယာများနှင့် နည်းပညာများ အသုံးပြု၍ထုတ်လုပ်လျက်ရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းတင်ပြမှုများ အပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံမှ ထုတ်လုပ်ထားရှိသည့် မီးသတ်ယာဉ်၊ ရေသယ်ယာဉ်နှင့် ဆီသယ်ယာဉ်များအား ကြည့်ရှုစစ်ဆေးပြီး စက်ရုံရှိ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ တပ်မတော်အကြီးစား စက်ရုံ စက်ရုံခွဲ(ရန်ကုန်)သည် ရေဂါလန် ၂၈၀၀ ဆံ့ (6 x 6) အမျိုးအစား မီးသတ်ယာဉ်၊ ရေဂါလန် ၁၁၀၀ ဆံ့ (4 x 2) အမျိုးအစား မီးသတ်ယာဉ်၊ ရေဂါလန် ၂၂၀၀ ဆံ့ (4 x 2) အမျိုးအစား ရေသယ်ယာဉ်၊ ဆီဂါလန် ၄၂၀၀ ဆံ့ (6 x 6) အမျိုးအစား ဆီသယ်ယာဉ်နှင့် ဆီဂါလန် ၂၂၀၀ ဆံ့ (4 x 2) အမျိုးအစား ဆီသယ်ယာဉ်များအား ထုတ်လုပ်လျက်ရှိပြီး တပ်မတော်အတွက်သာမက ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများထံသို့ လိုအပ်ချက်အပေါ်မူတည်ပြီး ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထို့ပြင် အဆိုပါစက်ရုံအနေဖြင့် Innlay Jeep နှင့် Innlay Pickup များ ထုတ်လုပ်ရာတွင် လိုအပ်သော Body Press Part များ၊ Frame များနှင့် အခြားလိုအပ်သည့် အစိတ်အပိုင်းများအား ထုတ်လုပ်လျက်ရှိပြီး အဆိုပါ အစိတ်အပိုင်းများအား တပ်မတော်အကြီးစားစက်ရုံ (ထုံးဘို) သို့ ပို့ဆောင်၍ Innlay Jeep ယာဉ် အပြီးသတ် တပ်ဆင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ကာ တပ်မတော်အတွက်သာမက အရပ်ဘက် ဝန်ကြီးဌာနများသို့ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၉၉)နှစ်မြောက် အခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၁**

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့် (၉၉) နှစ်မြောက် အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ Novotel Max ဟိုတယ်၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး တက်ရောက်သည်။

ဦးစွာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပသည့်နေရာသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel Qu Zhe နှင့်ဇနီး၊ တာဝန်ရှိသူတို့က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် တည်ထောင်သည့် (၉၉) နှစ်မြောက် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၏ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel Qu Zhe က နှုတ်ခွန်းဆက်စကား ပြောကြားသည်။




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး၊ တရုတ်စစ်သံမှူးနှင့် ဇနီးတို့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့် (၉၉) နှစ်မြောက် အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြစဉ်။

ဆက်လက်၍ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ် နိုင်ငံ သံအမတ်ကြီး၊ တရုတ် စစ်သံမှူးနှင့် ဇနီးတို့က တရုတ် ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် တည်ထောင်သည့် (၉၉) နှစ်မြောက် အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် တရုတ်စစ်သံမှူးတို့က အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# သာပေါင်းမြို့နယ်၌ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်အကြောင်း ရှင်းလင်းတင်ပြ

**သာပေါင်း ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်ရဲတပ်ဖွဲ့က "ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်မှု သိကောင်းစရာ ရှင်းလင်းတင်ပြခြင်း" အခမ်းအနားကို ဇူလိုင် ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (OSS)ရုံးခန်း၌ ပြုလုပ်သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိန်ဆန်းက အမှာစကားပြောကြားပြီး ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ယဉ်ထွေးက ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူကိုဗဟိုပြုရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးတွင်ပါဝင်သော မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့များနှင့်ပူးပေါင်း၍ စကားဝိုင်းပုံစံဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သာပေါင်း(ပြန်/ဆက်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (NCA-S EAOs)တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး ရှေးရှုလျက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအရှိန်အဟုန်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပိုမိုထိရောက်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ချမှတ်နိုင်ရန်နှင့် ရရှိပြီးသားဆွေးနွေးမှုရလဒ်များကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်ရန်ရည်ရွယ်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (NCA–S EAOs)တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ဆက်လက်ကျင်းပသည်။

ဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင်များ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA–S EAOs) ၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ အတွင်းရေးမှူး(၁)



စောကျော်ညွန့်၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မငေး၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အထွေထွေအတွင်းရေးမှူး စောမြသန္တာ၊ ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့် နန်းယဉ်ယဉ်စိုးတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား) က NCA ၏ အနှစ်သာရနှင့် အောင်မြင်မှုများအပေါ် အခြေခံသော ပိုမိုပါဝင်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ မူဘောင်အား ရှင်းလင်းဆွေးနွေးပြီး ဆွေးနွေးပွဲ ပထမရက်၌ ဆက်လက်ဆွေးနွေးရန်ကျန်ရှိသည်များကို ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းရရှိမှုများအား မှတ်တမ်းတင်ဆောင်ရွက်ရာတွင် NCA ကို အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ဆောင်ရေး၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်နှင့် သက်ဆိုင်သူများပါဝင်သည့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများ ဖြစ်မြောက်လာစေရေး၊ ဆွေးနွေးညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးရေး၊ EAO များ အခြေပြုရာဒေသများတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးအပ်ပြီး ဒေသဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်စပ် အကောင်အထည်ဖော်ရေး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၌ ပြည်သူလူထုအခြေပြုဆွေးနွေးပွဲများ၊ ဖိုရမ်များ ကျင်းပပြုလုပ်ရာတွင် သက်ဆိုင်ရာ NCA–S EAO များက ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်တွင်း/ပြည်ပ နည်းပညာအကူအညီများရယူရေး၊ အလွတ်သဘောတွေ့ဆုံမှုများနှင့် Bilateral တွေ့ဆုံမှုများ ဆက်လက်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ရက်တာ ဆွေးနွေးချက်များမှ NCA ၏ အနှစ်သာရကိုအခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်ဖော်ဆောင်ရေး၊ ယုံကြည်မှုတည်ဆောက်ရေး၊ NCA လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA လက်မှတ်ရေးထိုးပြီး အကြောင်းအမျိုးမျိုးကြောင့် NCA လမ်းကြောင်းမှ ကင်းကွာနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လာနိုင်ရေး၊ စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားနိုင်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ နှစ်ရက်တာဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူစုစည်းချက်များအား မှတ်တမ်းတင်လက်မှတ်ရေးထိုးကြပြီး NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (NCA–S EAOs)၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ကုန်တင်ပို့သူ (Exporter)နှင့် ကုန်တင်သွင်းသူ (Importer) ကုမ္ပဏီများကို အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ AEO အသိအမှတ်ပြုလက်မှတ် ပေးအပ်လျက်ရှိ

ရန်ကုန် ဇူလိုင် ၂၁

နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွင်းဆက်တွင်ပါဝင်သော မြန်မာနိုင်ငံမှ ကုမ္ပဏီ၊ အဖွဲ့အစည်းများ အနေဖြင့် စည်းကမ်းလိုက်နာမှု ကောင်းမွန်စေရေးနှင့် ကုန်သွယ်မှု လုံခြုံ ချောမွေ့စေရေးတို့အတွက် ကုန်တင်ပို့သူ (Exporter)နှင့် ကုန်တင်သွင်းသူ (Importer) ကုမ္ပဏီများကို အကောက်ခွန်ဦးစီးဌာနက အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (Authorized Economic Operators–AEO) အသိအမှတ်ပြု လက်မှတ်များ ပေးအပ်လျက်ရှိကြောင်း ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ကျင်းပသည့် AEO အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခြင်း



အခမ်းအနားမှ သိရသည်။

အဆိုပါ အခမ်းအနားတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက Coca Cola Pinya Beverages Myanmar Co., Ltd (Importer)၊ Paing Family International Co., Ltd (Exporter)၊ GOOD BROTHERS' Co., Ltd (Exporter) ကုမ္ပဏီတို့ကို အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ AEO (Level–1) အသိအမှတ်ပြု လက်မှတ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းက Wilmar Myanmar Riceland Limited (Exporter)၊ Wilmar Myanmar Edible Oils Limited (Importer)နှင့် UPG Paint & Coating Co.,Ltd (Importer) ကုမ္ပဏီတို့ကို အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ AEO (Level–2) အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ကုမ္ပဏီလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




# တွန်းဇံမြို့၌ ပြန်လည်ဝင်ရောက်လာသည့် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ ထောက်ပံ့ပေးအပ်

တွန်းဇံ ဇူလိုင် ၂၁

ချင်းပြည်နယ် တွန်းဇံမြို့၌ ပြန်လည်ဝင်ရောက်လာသည့် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များအား အခြေခံစားကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ယင်းသို့အခြေခံစားကုန်များ ထောက်ပံ့ပေးအပ်ရာတွင် နိုင်ငံ့ဝန်ထမ်း ၆၄၀ အတွက် ဆန်အိတ် ၂၀၀၊ စားအုန်းဆီပိဿာ ၆၄၀၊ မိသားစုဝင်များနှင့် ပြည်သူများအတွက် ကုလားပဲ ပိဿာ ၁၅၂၀ နှင့် ဆားထုပ် ၁၅၂၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန မှတ်ပုံတင်စိစစ်ဆုံးဖြတ်ရေး အစည်းအဝေးကျင်းပ



မကွေး ဇူလိုင် ၂၁

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်စိစစ်ဆုံးဖြတ်ရေးကော်မတီအစည်းအဝေးကို ယမန်နေ့က ကျင်းပသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဆန်းညွန့်အောင်က အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမြှင့်တင်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသောအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပြီး နိုင်ငံတော်အစိုးရက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်စုစုခိုင်က အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များ လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုချထားပေးနိုင်ရေးအတွက် လျှောက်ထားလာမှုအခြေအနေများကိုရှင်းလင်းပြောကြားသည်။ အစည်းအဝေးတွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင် ၁၉၁ ဦး၏ အချက်အလက်များကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အထောက်အထား အချက်အလက် ပြည့်စုံမှန်ကန်မှု ရှိ/မရှိ စိစစ်၍ လုပ်ငန်းမှတ်ပုံတင်ခွင့်ပြု ချထားပေးနိုင်ရေး အတည်ပြုဆုံးဖြတ်ဆောင်ရွက်ပေးကြသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

# ကမ္ဘာ့ဈေးကွက်တွင် ပိုမိုအရေးပါလာသည့် လယ်ယာကုန်စည် - ပဲပုပ်

ဒေါက်တာ မောင်အောင်

**❝ပဲပုပ်တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် အဓိကကြုံတွေ့နေရသည့် စိန်ခေါ်မှုများတွင် မိမိတို့အနေဖြင့် မိရိုးဖလာမျိုးကိုသာ အသုံးပြုနေဆဲဖြစ်၍ အထွက်နှုန်းနိမ့်ကျနေခြင်းက အထွက်ပမာဏကိုသာမက ပြည်တွင်း၊ ပြည်ပဈေးနှုန်းယှဉ်ပြိုင်မှုတွင် များစွာအားနည်းပါသည်။ ယေဘုယျအားဖြင့် လက်ရှိမြန်မာ့အစဉ်အလာမျိုးက တစ်ဧကလျှင် ပျမ်းမျှတင်း ၂၀ ဝန်းကျင်သာထွက်ရှိသော်လည်း တရုတ်နိုင်ငံမျိုး၊ ဘရာဇီးမျိုးများမှာ တင်း ၈၀ ကျော်အထိ ထွက်ရှိသောကြောင့် ပမာဏများသလို ဈေးနှုန်းယှဉ်ပြိုင်မှုပါဝါ မြင့်မား❞**

လက်ရှိလယ်ယာကုန်စည်များအနက် ပဲပုပ်(soy bean) သည် ထုတ်လုပ်မှုပမာဏအရလည်းကောင်း၊ အသုံးဝင်မှုအရလည်းကောင်း၊ ပထဝီနိုင်ငံရေးထိန်းညှိပေးနိုင်သည့် ကုန်စည်အဖြစ်လည်းကောင်း စသဖြင့် ဘက်စုံအရေးပါမှုကြောင့် ကမ္ဘာ့နိုင်ငံများက အထူးစိတ်ဝင်စားကြပါသည်။

တစ်နည်းအားဖြင့်ဆိုသော် ပဲပုပ်သည် ကမ္ဘာ့လူသားများအတွက် အာဟာရဓာတ်ဖြည့်သည့် အစားအစာ၊ မွေးမြူရေးလုပ်ငန်းများအတွက် အဓိက တိရစ္ဆာန်အစားအစာ၊ ဇီဝလောင်စာဆီထုတ်လုပ်ပေးနိုင်သည့်လယ်ယာကုန်စည်ဖြစ်သည့်အပြင် ကမ္ဘာ့ဈေးကွက်တွင် အများဆုံးတင်ပို့နေသည့် အမေရိကန်နှင့် အများဆုံးဝယ်ယူနေသည့် တရုတ်နိုင်ငံအကြား ပါဝါထိန်းညှိရေးအတွက် အရေးပါသည့် ကုန်စည်ဖြစ်နေခြင်းကြောင့်လည်း အခြားကုန်စည်များထက် အရေးပါမှုများလာနေခြင်းဖြစ်သည်။

**ကမ္ဘာ့ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုအခြေအနေ**

ပဲပုပ်ကို ဘက်စုံအသုံးပြုနိုင်မှုကြောင့် ကမ္ဘာ့စိုက်ပျိုးရေးအင်အားကြီးနိုင်ငံများက အထူးအလေးထားစိုက်ပျိုးသည့် လယ်ယာသီးနှံတစ်ခုဖြစ်ပြီး အရေးပါသည့် ဆီထွက်သီးနှံလည်းဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများအတွက် အဓိကအစားအစာဖြစ်သည့်အပြင် ဇီဝလောင်စာဆီထုတ်လုပ်နိုင်သည့်အတွက် လောင်စာဆီအခက်အခဲများသည့် ယခုလိုကာလများတွင် ပဲပုပ်၏အရေးပါမှု ပိုမိုများလာနေခြင်းဖြစ်သည်။

လက်ရှိပဲပုပ်စိုက်ပျိုးထုတ်လုပ်မှု အခြေအနေကိုကြည့်လျှင် တောင်အမေရိကနိုင်ငံများက အဓိကထုတ်လုပ်နေပြီး အများဆုံးစိုက်ပျိုးထုတ်လုပ်သူ ဘရာဇီးနိုင်ငံက ၂၀၂၅ ခုနှစ်တွင် ပဲပုပ်မက်ထရစ်တန်ချိန် သန်း ၁၈၀ ဝန်းကျင်၊ ဒုတိယအများဆုံးထုတ်လုပ်သည့် အမေရိကန်ပြည်ထောင်စုက တန်ချိန်သန်း ၁၂၀ ကျော်နှင့် တတိယအများဆုံးထုတ်လုပ်သည့် အာဂျင်တီးနားနိုင်ငံက ကမ္ဘာ့ထုတ်လုပ်မှုအနေဖြင့် တန်ချိန်သန်း ၄၄၁ တန်ကျော်ဖြစ်သည့်အတွက် ယခင်နှစ်များထက် စံချိန်တင်မြင့်မားခဲ့ပါသည်။

အာရှနိုင်ငံများ၏ ပဲပုပ်စိုက်ပျိုးသည့်ဧရိယာမှာ ဟက်တာသန်း ၁၉ သန်းဝန်းကျင်ရှိပြီး ကမ္ဘာ့စုစုပေါင်းဧရိယာ၏ ၂၀ ရာခိုင်နှုန်း (ငါးပုံတစ်ပုံ) သာရှိပါသည်။ ကမ္ဘာ့ပဲပုပ်ဈေးကွက်တွင် ဝယ်လိုအားအခြေအနေကို လေ့လာမည်ဆိုလျှင် အများဆုံးဝယ်ယူနေသူမှာ တရုတ်နိုင်ငံဖြစ်ပြီး ပျမ်းမျှအားဖြင့် ကမ္ဘာ့ပဲပုပ် စုစုပေါင်းပို့ကုန်၏ ၆၀ ရာခိုင်နှုန်းဝန်းကျင်ဖြစ်သည့်အတွက် တရုတ်၏ဈေးကွက်အခြေအနေက ကမ္ဘာ့ပဲပုပ်ဈေးနှုန်းကို အဓိကပြဋ္ဌာန်းလေ့ရှိပါသည်။ ထို့ပြင် ကမ္ဘာ့ပဲပုပ်ထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းခန့်ကို အာရှနိုင်ငံများက စားသုံးနေကြပြီး တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏ စိုက်ပျိုးထုတ်လုပ်မှုက အများဆုံးဖြစ်သော်လည်း ပြည်တွင်းဝယ်လိုအား (လိုအပ်ချက်) များသောကြောင့် တင်သွင်းနေရဆဲဖြစ်သည်။

**ပဲပုပ် ပိုမိုအရေးပါရသည့် အကြောင်းရင်းများ**

ကမ္ဘာ့လယ်ယာကုန်စည်ဈေးကွက်တွင် ပဲပုပ်၏အရေးပါမှု ပိုမိုကြီးထွားလာရသည့် အခြေခံအကြောင်းရင်းမှာ ပဲပုပ်သည် အာဟာရဓာတ်ပြည့်ဝသည့်အတွက် အခြေခံစားသောက်ကုန်ဖြစ်သလို မွေးမြူရေးလုပ်ငန်းများအတွက်လည်း အဓိကအစားအစာဖြစ်သည့်အပြင် ယခုအချိန်တွင် တစ်ကမ္ဘာလုံးလောင်စာဆီ အခက်အခဲကြုံတွေ့နေရသည့်အချိန်တွင် ပဲပုပ်သည် ဇီဝလောင်စာဆီပြုလုပ်နိုင်သည့်အတွက် အရေးပါလာခြင်းဖြစ်သည်။

ထို့ပြင် ကမ္ဘာ့စီးပွားရေးအင်အားကြီးနှစ်နိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှုတွင် အရေးအကြီးဆုံးဖြစ်သည့်အတွက် မဟာဗျူဟာမြောက်သည့်ကုန်စည် (သို့မဟုတ်) နိုင်ငံရေးကုန်စည် ဖြစ်လာသည့်အတွက် ပိုမိုအရေးပါနေခြင်းဖြစ်သည်။ ထူးခြားသည့်အချက်မှာ တစ်ကမ္ဘာလုံး စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာမှုနှင့်အတူ စားသုံးမှုပုံစံပြောင်းလဲလာမှုတွင်လည်း ပို၍တိုးတက်လာမှုကြောင့် အရည်အသွေးမြင့် ကုန်စည်များ - အသား၊ ငါး၊ နို့ထွက်ပစ္စည်းများ စသည်တို့ကို ပိုမိုသုံးစွဲလာသောကြောင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုထွန်းကားလာမှုနှင့်အတူ ပဲပုပ်၏လိုအပ်ချက် (ဝယ်လိုအား) ကို စဉ်ဆက်မပြတ် တိုးပွားစေခြင်းဖြစ်သည်။

ပဲပုပ်ကို စားသောက်ကုန်အဖြစ် ဆီကြိတ်ခြင်းဖြင့် ပဲပုပ်ဆီအဖြစ် သုံးစွဲနိုင်သလို ထပ်ဆင့်ပြုပြင်ခြင်းဖြင့် တို့ဟူး၊ ပဲနို့၊ ပုံးရည်ကြီး စသည်ဖြင့် ပဲပုပ် အခြေခံစားသောက်ကုန်များ၊ ပဲပုပ်ကို ခွဲခြမ်းပြီး တိရစ္ဆာန်အစားအစာများ၊ ပဲပုပ်ကို ထပ်ဆင့်ပြုပြင်ကျိုချက်ခြင်းဖြင့် ဇီဝလောင်စာဆီအဖြစ်ပြောင်းလဲအသုံးချနိုင်ပါသည်။

ပဲပုပ်ကို ဘက်စုံအသုံးပြုနိုင်သော်လည်း လက်တွေ့အားဖြင့် အသုံးချနေမှုကို လေ့လာမည်ဆိုလျှင် ကမ္ဘာ့ပဲပုပ်ပမာဏ၏ ၇၀ ရာခိုင်နှုန်းကျော်ကို တိရစ္ဆာန်အစားအစာအဖြစ်လည်းကောင်း၊ ၁၈ ရာခိုင်နှုန်းခန့်ကို ပဲပုပ်ဆီနှင့် ဇီဝလောင်စာဆီအဖြစ်လည်းကောင်း၊ ခုနစ်ရာခိုင်နှုန်းခန့်ကို ပဲပုပ်အခြေခံစားသောက်ကုန်များ (တို့ဟူး၊ ပဲနို့) အဖြစ်လည်းကောင်း၊ ကျန်သုံးရာခိုင်နှုန်းခန့်ကို မျိုးနှင့်အခြားအနေဖြင့်လည်းကောင်း အသုံးပြုနေပါသည်။ ခြုံ၍ဆိုရသော် ပဲပုပ်အရေးပါလာရသည့် အဓိကအကြောင်းရင်းမှာ စီးပွားရေးဖွံ့ဖြိုးလာမှုကြောင့် ကမ္ဘာတစ်ဝန်း မွေးမြူရေးလုပ်ငန်းများတိုးတက်လာမှုနှင့်အတူ မွေးမြူရေးအစားအစာ အဓိကကုန်ကြမ်းဖြစ်သည့် ပဲပုပ်အသုံးပြုမှု ပိုမိုများလာခြင်းဖြစ်သည်။

**မဟာဗျူဟာမြောက်ကုန်စည်**

ကမ္ဘာ့စီးပွားရေးအင်အားအကြီးဆုံး နှစ်နိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့၏ကုန်သွယ်မှုကို ကြည့်မည်ဆိုလျှင် ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း တရုတ်နိုင်ငံက ဆက်တိုက်ပိုငွေပြ ကုန်သွယ်မှုရှင်းတမ်းရှိခဲ့သော်လည်း အမေရိကန်ကမူ တောက်လျှောက်လိုငွေရှိခဲ့သည်။ ထို့ကြောင့် ဒေါ်နယ်ထရမ့် သမ္မတဖြစ်လာသည့် ၂၀၁၈ - ၂၀၂၁၊ ယခု ၂၀၂၅ - ၂၀၂၈ ကာလများတွင် ကုန်သွယ်မှုအပေါ် ကန့်သတ်ပိတ်ပင်သည့် နည်းလမ်းဖြင့် ကုန်သွယ်မှု စစ်ပွဲလုပ်ဆောင်လေ့ရှိပြီး ယခုအချိန်တွင်မူ "အမေရိကန်ပထမ" ခေါ်သည့် မူဝါဒဖြင့် တရုတ်နိုင်ငံကိုသာမက ကုန်သွယ်ဖက် နိုင်ငံအားလုံးအပေါ် အခြေခံနှုန်း ၁၀ ရာခိုင်နှုန်းကောက်ခံသည့် ကုန်သွယ်မှုမူဝါဒဖြင့် အမေရိကန်၏ ကုန်သွယ်မှုလိုငွေလျှော့ချနိုင်ရေးနှင့် ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းတိုးတက်လာရေးအတွက် လုပ်ဆောင်နေသည့်ကာလဖြစ်သည်။

အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံတို့၏ ကုန်သွယ်မှုတွင် ပဲပုပ်၏အရေးပါမှုမှာ ပဲပုပ်ကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့သူမှာ အမေရိကန်ဖြစ်သလို အများဆုံးတင်သွင်းသူမှာ တရုတ်နိုင်ငံဖြစ်သည့်အတွက် အဆိုပါကုန်သွယ်မှုသည် နှစ်နိုင်ငံအကြား အခွန်အကောက်များ စည်းကြပ်ရာတွင် အရေးပါသည့်အချက်ဖြစ်လာခဲ့သည်။ အမေရိကန်အနေဖြင့်လည်း ပဲပုပ်စိုက်ပျိုးသည့် လယ်သမားများ နစ်နာဆုံးရှုံးမှုမရှိစေရန် အထူးလိုအပ်ရာ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်မှ ပဲပုပ်တင်သွင်းမှုကို ဈေးဆစ်နိုင်သည့် ပါဝါအဖြစ် အသုံးပြုနေသည့်အတွက် ပထဝီနိုင်ငံရေးသီးနှံလည်းဖြစ်ပါသည်။

**ကမ္ဘာ့ဈေးကွက်အခြေအနေနှင့် အလားအလာ**

ကမ္ဘာ့ဈေးကွက်တွင် ပဲပုပ်ဝယ်လိုအားများလာမှုကြောင့် ၂၀၀၀ ပြည့်နှစ်အလွန်ကာလများတွင် ပဲပုပ်ထုတ်လုပ်မှု သိသိသာသာ တိုးတက်မှုရှိခဲ့သလို ကုန်သွယ်မှုမှာလည်း ၂၀၀၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အထိ နှစ်ပေါင်း ၂၅ နှစ်အတွင်း ဆယ်ဆဝန်းကျင် တိုးတက်လာမှုကြောင့် လယ်ယာသီးနှံများတွင် တိုးတက်မှုနှုန်း အများဆုံးလည်းဖြစ်သည်။ ကမ္ဘာ့ဈေးကွက်တွင် အများဆုံး ၆၀ ရာခိုင်နှုန်းကျော် ဝယ်ယူတင်သွင်းနေသည့် တရုတ်နိုင်ငံ၏ ဝယ်ယူတင်သွင်းမှုမှာ ၂၅ နှစ်အတွင်း သိသိသာသာ တိုးတက်နေကြောင်း တွေ့ရပါသည်။

**တရုတ်နိုင်ငံ၏ ဝယ်ယူတင်သွင်းမှု**

| ခုနှစ် | မက်ထရစ်တန်(သန်း) |
|---|---|
| ၂၀၀၀ | ၁၂ |
| ၂၀၀၅ | ၂၇ |
| ၂၀၁၀ | ၅၅ |
| ၂၀၁၅ | ၈၂ |
| ၂၀၂၀ | ၁၀၀ |
| ၂၀၂၄ | ၁၀၅ |
| ၂၀၂၅ | ၁၁၀ |

Source; Global Soy Bean Market

ကမ္ဘာ့ပဲပုပ်ကုန်သွယ်မှုတွင် အဓိကတင်ပို့သူများမှာ ဘရာဇီး၊ အမေရိကန်ပြည်ထောင်စု၊ အာဂျင်တီးနား၊ ပါရာဂွေး၊ ဩစတြေးလျနိုင်ငံတို့က အများဆုံးထုတ်လုပ်တင်ပို့နေသလို အများဆုံးတင်သွင်းသူများမှာ တရုတ်၊ ဥရောပသမဂ္ဂ၊ မက္ကဆီကို၊ ထိုင်း၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ စသည်တို့ဖြစ်ပြီး အာရှနိုင်ငံများ၏ ဝယ်ယူတင်သွင်းမှုတိုးပွားနေသည်ကို တွေ့ရပါသည်။

**မြန်မာ့ပဲပုပ် စိုက်ပျိုးထုတ်လုပ်မှုနှင့် အလားအလာ**

မြန်မာနိုင်ငံတွင် ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုမှာ အခြားသော အဓိကလယ်ယာသီးနှံများ (ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း) စသည်တို့နှင့် နှိုင်းယှဉ်လျှင် များစွာနည်းပါးနေပြီး အကြမ်းဖျင်းအားဖြင့် စိုက်ဧက ၃ ဒသမ ၄ မှ ၃ ဒသမ ၆ သိန်းဝန်းကျင်သာရှိပါသည်။ ထုတ်လုပ်မှုပမာဏမှာ မက်ထရစ်တန် (၂ ဒသမ ၀ မှ ၂ ဒသမ ၃) သိန်းဝန်းကျင်ရှိနေသေးကာ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်စွမ်းနိုင်မှုမရှိသေးဘဲ တင်သွင်းနေရဆဲဖြစ်သည်။

ယေဘုယျအားဖြင့် ပဲပုပ်စေ့တင်ပို့မှု အနည်းငယ်ရှိသော်လည်း တိရစ္ဆာန်အစားအစာကိုမူ လိုအပ်ချက်၏ ထက်ဝက်ဝန်းကျင်ခန့် တင်သွင်းနေရဆဲဖြစ်သည်။ လက်ရှိအခြေအနေတွင် ပဲပုပ်ကို အများဆုံးစိုက်ပျိုးသည့်ဒေသမှာ ရှမ်းပြည်နယ်ဖြစ်ပြီး စုစုပေါင်း၏ ထက်ဝက်ခန့်စိုက်ပျိုးထုတ်လုပ်နေကာ ရောဝတီ၊ စစ်ကိုင်း၊ မန္တလေး၊ ပဲခူး စသည့်ဒေသများတွင်လည်း စိုက်ပျိုးပါသည်။

စိုက်ပျိုးသည့်ပုံစံမှာ မိုးရာသီစိုက်ပျိုးမှု စုစုပေါင်း၏ ၃၅ ရာခိုင်နှုန်းခန့် ပြုလုပ်နေပြီး ဆောင်းသီးနှံအဖြစ် ၆၅ ရာခိုင်နှုန်းခန့် စိုက်ပျိုးပါသည်။ အခြားသီးနှံများနှင့် ရောနှော၍ သီးညှပ်အဖြစ်လည်း အချို့စိုက်ပျိုးပါသည်။ ပဲပုပ်၏ဈေးနှုန်းမှာ (ပြည်တွင်း၊ ပြည်ပ) အခြားသောပဲများ (မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ) နှိုင်းယှဉ်လျှင် နိမ့်ကျသောကြောင့် လယ်သမားများ၏ စိတ်ဝင်စားမှုနည်းနေပါသေးသည်။

လက်ငင်းကာလများအတွင်း (၂၀၂၆ ခုနှစ်) ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုမှာ အခြားသောသီးနှံများနှင့် နှိုင်းယှဉ်လျှင် သက်သာမှုရှိပြီး နေရာဒေသအလိုက် တစ်ဧကလျှင် ကျပ်သုံးသိန်းခွဲမှ ငါးသိန်းအထိရှိကာ စုစုပေါင်းဝင်ငွေအနေဖြင့် အထွက်ပေါ်မူတည်၍ ကျပ် ခုနစ်သိန်းမှ ၁၀ သိန်းအထိ ပျမ်းမျှရရှိနေသောကြောင့် တစ်ဧကပျမ်းမျှအမြတ်အနေဖြင့် ကျပ်သုံးသိန်းမှ ငါးသိန်းဝန်းကျင်ခန့်မှန်းပါသည်။ ထူးခြားသည့်အချက်မှာ အခြားသီးနှံများနှင့် နှိုင်းယှဉ်လျှင် ရာသီဥတုနှင့် ပိုးမွှားဒဏ်ခံနိုင်ရည်ပိုရှိခြင်းပင်ဖြစ်သည်။ လက်ရှိအခြေအနေတွင် စားသုံးဆီလိုအပ်ချက်ရှိနေသေးသလို တိရစ္ဆာန်အစာအတွက် ပဲပုပ်ဖတ်များကိုလည်း လိုအပ်ချက်၏ ထက်ဝက်ခန့် တင်သွင်းနေရဆဲဖြစ်သည့်အတွက် ပဲပုပ်များ ယခုထက်သိသိသာသာ တိုးချဲ့ထုတ်လုပ်နိုင်ရန် လိုအပ်ပါသည်။ ထို့အတွက်လည်း ပဲပုပ်ပိုမိုထုတ်လုပ်နိုင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ (PPP) ဖြင့် ထိရောက်သည့်ပံ့ပိုးမှုများဖြင့် လုပ်ဆောင်သင့်ပါသည်။

ပဲပုပ်တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် အဓိကကြုံတွေ့နေရသည့် စိန်ခေါ်မှုများတွင် မိမိတို့အနေဖြင့် မိရိုးဖလာမျိုးကိုသာ အသုံးပြုနေဆဲဖြစ်၍ အထွက်နှုန်းနိမ့်ကျနေခြင်းက အထွက်ပမာဏကိုသာမက ပြည်တွင်း၊ ပြည်ပဈေးနှုန်းယှဉ်ပြိုင်မှုတွင် များစွာအားနည်းပါသည်။ ယေဘုယျအားဖြင့် လက်ရှိမြန်မာ့အစဉ်အလာမျိုးက တစ်ဧကလျှင် ပျမ်းမျှတင်း ၂၀ ဝန်းကျင်သာထွက်ရှိသော်လည်း တရုတ်နိုင်ငံမျိုး၊ ဘရာဇီးမျိုးများမှာ တင်း ၈၀ ကျော်အထိ ထွက်ရှိသောကြောင့် ပမာဏများသလို ဈေးနှုန်းယှဉ်ပြိုင်မှုပါဝါ မြင့်မားပါသည်။

ဒုတိယအချက်မှာ ထုတ်လုပ်သည့်နေရာမှ ဈေးကွက်အရောက် သယ်ယူပို့ဆောင်ရာတွင် သယ်ပို့ထောက်ပံ့စရိတ် မြင့်လာနေခြင်းကလည်း ယှဉ်ပြိုင်နိုင်မှုကို လျော့ကျစေပါသည်။ လယ်သမားများ၏ စိတ်ဝင်စားမှုမှာလည်း အခြားပဲမျိုးစုံများထက် လျော့ကျနေသည့်အတွက် လယ်သမားများကို ပဲပုပ်စိုက်ပျိုးရေး ပိုမိုပြုလုပ်လာစေရန် လက်တွေ့ကျသည့်ပံ့ပိုးမှုများနှင့် သရုပ်ပြမှုများ ပိုမိုပြုလုပ်ရမည်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ အနာဂတ်ကာလတွင် ပဲပုပ်အသုံးပြုမှုသည် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးတွင် ယခုထက် ပိုမိုကြီးမားလာမည်ဖြစ်၍ မူလထုတ်လုပ်မှုအပိုင်းနှင့် တန်ဖိုးမြင့်တက်မှုအပိုင်းများ၊ အကျိုးဝင်သည့်စီမံကိန်းကို ပံ့ပိုးမှုများ၊ တွန်းအားများ၊ ဆွဲဆောင်မှုများဖြင့် ရေးဆွဲအကောင်အထည်ဖော်မည်ဆိုလျှင် ပြည်တွင်းလိုအပ်ချက်များကိုသာမက ပြည်ပသို့တင်ပို့နိုင်သည့်အဆင့်သို့ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ။

**ကျမ်းကိုးစာရင်း**


- CSO: Central Statistical Organization, Statistical Year Book, 2025
- Global Soybean Market: Origins Trade Flow and Price Driver, April 2023
- OECD–FAO: Agricultural Outlook (2025–2034), https://www.openmarketfao.org
- Hactar Global–https://www.hactarglobal.com
- USDA:Foreign Agricultural Service, https://www.fas.usda.gov.org

# အလုပ်သမားများအတွက် အခွင့်အရေးများရရှိရေး တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၁**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်နေသည့် အလုပ်သမားများအတွက် အခွင့်အရေးများရရှိရေး တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြောကြားသည်။

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ရှိ ဧရာရွှေဝါခန်းမ၌ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင်၊ အလုပ်သမားနှင့်တွေ့ဆုံစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အလုပ်သမားဝန်ကြီးဌာနသည် မြန်မာလုပ်သားထု၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေး၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူမှုဖူလုံရေးအကျိုးဝင်အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ငွေကြေးအကျိုးခံစားခွင့်များ ရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်အေးချမ်းသာယာပြီး ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်လည်း ထည့်သွင်းပြောကြားသည်။



ယမန်နေ့နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ပုသိမ်)၌ လူငယ်များအလုပ်အကိုင်တိုးတက်ရရှိစေရေး၊ လုပ်သားများလုပ်ငန်းကျွမ်းကျင်မှုရရှိစေရေးနှင့် ကလေးအလုပ်သမားပပျောက်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်သည့် မော်တာထိန်းချုပ်မောင်းနှင်ခြင်းဆိုင်ရာ လျှပ်စစ်သင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းခန်းမ၌ ဦးစီးဌာန၊ အဖွဲ့ရုံးများမှ အရာထမ်းများနှင့်လည်းကောင်း၊ ပုသိမ်မြို့ Dong Long Garment အထည်ချုပ်စက်ရုံမှ အလုပ်သမားများနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ အမှာစကားပြောကြားပြီး အဆိုပါစက်ရုံ၌ လူမှုဖူလုံရေးအဖွဲ့က အာမခံအလုပ်သမားများအား ရွေ့လျားဆေးကုသယာဉ်ဖြင့် စက်ရုံအရောက် ကွင်းဆင်းဆေးကုသပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မော်တော်ယာဉ်တန်ဖိုး အလိုအလျောက်စိစစ် အခွန်တွက်ချက်ပေးဆောင်မှုစနစ် အသုံးပြုပုံရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၁**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံး၏ဦးဆောင်မှုဖြင့် မော်တော်ယာဉ်တန်ဖိုး အလိုအလျောက်စိစစ် အခွန်တွက်ချက်ပေးဆောင်မှုစနစ် Vehicle Automatic Valuation System (VAVS) အသုံးပြုပုံအဆင့်ဆင့် ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးက မော်တော်ယာဉ်တန်ဖိုး အလိုအလျောက်စိစစ် အခွန်တွက်ချက်ပေးဆောင်မှုစနစ် အသုံးပြုပုံကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ယခုဆွေးနွေးပွဲကို မော်တော်ယာဉ် ဝယ်ယူ၊ ရောင်းချခြင်းများအပေါ် အခွန်ကိစ္စစိစစ်မှုခံယူရန်အတွက် သက်ဆိုင်ရာရုံးများသို့ သွားရောက်ဆောင်ရွက်ရခြင်း၊ အခွန်ပေးဆောင်နိုင်ရန် ငွေသွင်းချလန်အထောက်အထားရယူ၍ ဘဏ်သို့သွားရောက်ရခြင်း၊ သက်ဆိုင်ရာရုံးများတွင် အခွန်ဆိုင်ရာစိစစ်ဆောင်ရွက်ပြီးကြောင်း ထောက်ခံချက်(Tax Clearance Certificate)နှင့် လုံခြုံမှုအဆင့်ပါ အခွန်စည်းကြပ်မှုအထောက်အထား(ပတခ(၀င)-၀၄-၀၈)ထုတ်ယူရခြင်း စသည့်လုပ်ငန်းများကို ပြောင်းလဲတိုးတက်လာသော သတင်းအချက်အလက်နည်းပညာခေတ်နှင့်လျော်ညီစွာ အီလက်ထရောနစ်ဝန်ဆောင်မှုစနစ်ဖြင့် ပြောင်းလဲကျင့်သုံးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

# ကရင်ပြည်နယ်၌ ကော်ဖီ ၁၁၁၅ ဧက စိုက်ပျိုးမည်

**ဘားအံ ဇူလိုင် ၂၁**

ကရင်ပြည်နယ်၌ ယခုနှစ်အတွင်း ၁၁၁၅ ဧက စိုက်ပျိုးမည်ဖြစ်ပြီး ငါးနှစ်တာကာလအတွင်း ကော်ဖီဧက ၅၃၀၀ ကို တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း ဇူလိုင် ၂၀ ရက်က ဘားအံမြို့နယ် ကော့ပရံကျေးရွာ၌ ကျင်းပခဲ့သည့် ကော်ဖီပင်စုပေါင်းစိုက်ပျိုးပွဲမှ သိရသည်။

အဆိုပါ ကော်ဖီပင်စုပေါင်းစိုက်ပျိုးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်ပြီး ရွှေတော၊ ဖအွဲ့၊ ကော့ကျိုက်၊ ကော့တရုတ်ရ၊ ကော့မူးတာကျေးရွာတို့မှ တောင်သူများအား ကော်ဖီပျိုးပင်များ ပေးအပ်ကာ တာဝန်ရှိသူများ၊ ကော်ဖီစိုက်တောင်သူများနှင့်အတူ ကော်ဖီပင်များ စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ဘားအံမြို့နယ် ရဲသာကျေးရွာရှိ တောင်သူများ၏ မွေးမြူရေးခြံများကို သွားရောက်ကြည့်ရှုအားပေးပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အခမဲ့ထောက်ပံ့သော အာဟာရဆားခဲများနှင့် တိရစ္ဆာန်သုံးဆေးဝါးများကို ပေးအပ်သည်။

ယင်းနောက် ဘားအံမြို့နယ် ရဲသာကျေးရွာရှိ Home Garden နှင့် Organic စိုက်ပျိုးနည်းစနစ်တွဲဖက်ပါဝင်သော Pilot Project Site တွင် တောင်သူ ၃၃ ဦး၏ အောင်မြင်ဖြစ်ထွန်းနေသော မုန်ညင်း၊ ကိုက်လန်၊ ကန်စွန်း၊ ဆလပ်၊ ချဉ်ပေါင်၊ မုန်လာ၊ ရုံးပတီ၊ ခရမ်း စိုက်ခင်း ၇ ဒသမ ၁၀ ဧကကို ကြည့်ရှုအားပေးပြီး စိုက်ပျိုးတောင်သူများအား ယူရီးယားဓာတ်မြေဩဇာ၊ မှိုမျိုးထုပ်နှင့် မျိုးစေ့ထုပ်များကို အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**





# မြဝတီမြို့၌ ကလေးငယ်များအား အာဟာရဖြည့်အစားအစာများကျွေးမွေး



**မြဝတီ ဇူလိုင် ၂၁**

ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ KG ကျောင်းသားကျောင်းသူများအား အာဟာရဖြည့်အစားအစာများ ကျွေးမွေးလှူဒါန်းခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ဆောင်ရွက်သည်။

KG ကျောင်းသား ကျောင်းသူ ၁၇၅ ဦးတို့အား မြို့နယ်ပညာရေးမှူး ဦးမိုးကျော် ကြီးကြပ်မှုဖြင့် ကျောင်းအုပ်ဆရာကြီး ဦးညီညီအောင်နှင့် ဆရာ ဆရာမများ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသားမိဘများက ပူးပေါင်းဆောင်ရွက်၍ အာဟာရဖြည့် အစားအစာများ ကျွေးမွေး လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

# မြိတ်မြို့၌ မျိုးစပါးနှင့် သွင်းအားစုပေးအပ်ပွဲ ကျင်းပ

**မြိတ် ဇူလိုင် ၂၁**

တနင်္သာရီတိုင်း ဒေသကြီး မြိတ်မြို့တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တောင်သူများအား မျိုးစပါးနှင့် သွင်းအားစုပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက မြို့နယ် သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဒေါ်မွန်မွန်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဒေါ်စမ်းစမ်းမိုးက မျိုးစပါးသွင်းအားစုများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းများမှ အသင်းသားတောင်သူ ၉၄ ဦး၏ မိုးစပါးစိုက်ပျိုးဧက ၁၀၀၀ အတွက် ကျပ်သန်း ၂၅၀ နှင့် ညီမျှသော မျိုးစပါးတင်း ၂၀၀၀၊ ကွန်ပေါင်းဓာတ်မြေဩဇာ ၅၃၁ အိတ်၊ သဘာဝဓာတ်မြေဩဇာ ၁၆၈ အိတ်၊ ပုလဲဓာတ်မြေဩဇာ ၅၀၆ အိတ်တို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက အသင်းသားတောင်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

# တာချီလိတ်မြို့၌ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇူလိုင် ၂၁

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများနှင့်အတူ ဂုဏ်ပြုအထူးနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# ကော့မှူးမြို့နယ်၌ ရေဘေးကာကွယ်ရေးသရုပ်ပြ

ကော့မှူး ဇူလိုင် ၂၁

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် သရက်တောကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းကျင်းပသော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြဇာတ်တိုက်လေ့ကျင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မုတ်ကျွန်းတာ(သရက်တောအပိုင်း) သရက်တောကျေးရွာအုပ်စု၌ ကျင်းပသည်။

အခမ်းအနားတွင် တွံတေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်နှင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ပေါင်သွဲ့တန်က သရုပ်ပြဇာတ်တိုက်လေ့ကျင့်ပွဲဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသွင်ယုနိုင်က သဘာဝဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်နေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ ကျော်သူရ(ကော့မှူး)



# အုတ်ဖိုမြို့နယ်၌ စားအုန်းဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး



အုတ်ဖို ဇူလိုင် ၂၁

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်တွင် စားအုန်းဆီ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိသော အရောင်းဆိုင်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်ဦးဆောင်မှုဖြင့် မြို့နယ်စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့က ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါစစ်ဆေးမှုတွင် စားအုန်းဆီ ဖြန့်ဖြူးရောင်းချသူများအနေဖြင့် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချမှု ရှိ၊ မရှိ၊ အလေးချိန်မှန်ကန်မှုရှိမရှိ၊ ဆီစာအုပ်များကို စနစ်တကျထုတ်ပေးရေးနှင့် ရရှိသောဆီပိဿာချိန်များကို ပြည်သူများထံအမှန်တကယ်ရောင်းချမှု ရှိမရှိကို စစ်ဆေးခဲ့ကြောင်း သိရသည်။ အောင်သူ(အုတ်ဖို)

# ကျောင်းကုန်းမြို့နယ်၌ တစ်အုပ်တစ်မသစ်ပင်စိုက်ပျိုး

ပုသိမ် ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီးအတွင်း လမ်းဘေးဝဲ၊ ယာများ၌ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ဖြစ်ပေါ်လာရေး၊ တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ တစ်အုပ်တစ်မ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့မွန်းလွဲပိုင်းက ကျောင်းကုန်းမြို့နယ် အပင်နှစ်ဆယ်ဘူတာစုကျေးရွာတွင် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်သက်သက်ဆွေက အဖွဲ့ဝင်များထံသို့ စိုက်ပျိုးမည့်ပျိုးပင်များပေးအပ်ခဲ့ကာ တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဦးဆောင်၍ သစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်လာကြသူများက ရတနာတန်းဝင်ကျွန်းပင်များ စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ တိုင်းဒေသကြီး(ပြန်/ဆက်)



# နောင်ချိုမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး

နောင်ချို ဇူလိုင် ၂၁

ကျောက်မဲခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနှင့် နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် ပြုလုပ်သည်။

ဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးသိန်းက ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိန်မောင်ဌေးက "ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ နေထိုင်ခြင်း" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့ကာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ဖျာပုံမြို့နယ်၌ စားသုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

ဖျာပုံ ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ခရိုင်/မြို့နယ် စားအုန်းဆီဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများသည် မြို့နယ်အတွင်းရှိ စားအုန်းဆီ ဖြန့်ဖြူးရောင်းချလျက် ရှိသောဆိုင်များအား သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချခြင်း ရှိ၊ မရှိကို ယနေ့နံနက်ပိုင်းက လိုက်လံစစ်ဆေးသည်။

ခရိုင်/မြို့နယ် စားအုန်းဆီဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးအဖွဲ့တွင်ပါဝင်သော ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးထွေးသိမ်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့နယ်ဆီကုန်သည်အသင်းမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖျာပုံမြို့နယ်အတွင်း စားအုန်းဆီဖြန့်ဖြူးရောင်းချလျက်ရှိသောဆိုင်များအား စားအုန်းဆီဈေးနှုန်းကြီးမြင့်မှု မရှိစေရေး၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချခြင်း ရှိ၊ မရှိ ရှောင်တခင်စစ်ဆေးကြကြောင်း သိရသည်။



အောင်ဝင်းနိုင်(ပြန်/ဆက်)

■

# ကျောက်ပန်းတောင်းမြို့နယ်၌ ငလျင်ဘေး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြ



ကျောက်ပန်းတောင်း ဇူလိုင် ၂၁

မန္တလေး တိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ်မီးသတ်ဦးစီးဌာနက ဦးစီးကျင်းပသည့် ငလျင်ဘေးနှင့်ပတ်သက်၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇူလိုင် ၂၀ ရက်က အောင်မင်္ဂလာရပ်ကွက်ရှိ CMEC ကိုယ်ပိုင်အထက်တန်းကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင်မြို့နယ်မီးဘေးလုံခြုံရေးနှင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သည့် သန္နေတပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ စုစုပေါင်း ၅၀ တို့သည် CMEC ကိုယ်ပိုင်ကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်အတူ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

# လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများသို့ အသိပေးပန်ကြားခြင်း

နေပြည်တော် ဇူလိုင် ၂၁

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းနေသကဲ့သို့ ပြည်သူများ လျှပ်စစ်ဓာတ်အားကို စနစ်တကျသုံးစွဲလာစေရန် အသိပညာပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ နည်းပညာကြောင့် ဓာတ်အားပျောက်ဆုံးမှုနှင့် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှု(ဓာတ်အားခိုးယူသုံးစွဲမှု)များ လျော့နည်းပပျောက်သွားစေရေးအတွက်လည်း အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှုများ ပပျောက်စေရေးအတွက် မသမာသော နည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အား တရားမဝင်သုံးစွဲမှုများကို အဖွဲ့များဖွဲ့စည်း၍ ဖော်ထုတ်အရေးယူလျက်ရှိပါသည်။

၃။ ထို့အပြင် Smart Meter စနစ်သို့ ကူးပြောင်းနိုင်ရေး တွန်းအားပေးဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် ကိုယ်တိုင်မီတာဖတ်ရှု၍ မီတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှ စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခု တည်ဆောက်ခြင်းကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အား သုံးစွဲသူများအနေဖြင့် မသမာသော နည်းလမ်းများကိုအသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများ ပြုလုပ်ထားပါက ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့အသိပေးလာပါက ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို Control Center များမှ စစ်ဆေးတွေ့ရှိပါက ပြဋ္ဌာန်းထားသည့် လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အောက်ဖော်ပြပါ Call Center ဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပို့ကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

- ❖ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
  (နေပြည်တော်) – ၀၆၇ – ၃၄၁၀၀၇၂
- ❖ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း
  (YESC) – ၁၇၁၇
- ❖ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
  (MESC) – ၁၆၁၆
  ၀၂–၄၀၃၉၃၃၀၊၀၂–၄၀၇၃၆၆၆၊ ၀၂–၄၀၇၂၆၁၈
  (Hot Line)
- ❖ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ
  – ၀၆၇–၃၄၁၀၄၀၇
  ၀၉–၆၈၂၂၃၂၆၀၀၊ ၀၉–၆၆၅၄၃၂၅၇၅

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် နမီးဘီးယားနိုင်ငံသားတစ်ဦး မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၂၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ–ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် နမီးဘီးယားနိုင်ငံသားတစ်ဦးအား မြန်မာ–ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး



ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နမီးဘီးယားနိုင်ငံသံရုံးမှ Consular Mrs. Pranom Kumpunyo နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၁ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၁၄၇၃၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၁၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၁၉ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၃ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၀၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၁၀ | ၃၃၅၀ | ၃၃၁၀ | ၃၂၂၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၉၅ | ၃၂၉၀ | ၃၆၁၅ | ၃၆၅၀ | ၃၃၁၀ | ၃၄၃၅ | ၃၃၉၅ | ၃၃၅၅ | ၃၃၇၀ | ၃၆၁၀ |
| 95 Ron | ၃၂၈၅ | ၃၄၂၅ | ၃၃၈၅ | ၃၃၀၀ | ၃၄၃၀ | ၃၄၄၅ | ၃၄၇၀ | ၃၃၆၅ | ၃၆၉၀ | ၃၇၂၅ | ၃၃၈၅ | ၃၅၀၀ | ၃၄၇၀ | ၃၄၃၀ | ၃၄၄၅ | ၃၆၈၅ |
| HSD (500 ppm) | ၃၀၇၅ | ၃၃၀၅ | ၃၂၆၅ | ၃၀၉၀ | ၃၃၀၀ | ၃၃၂၅ | ၃၃၅၀ | ၃၂၅၀ | - | ၃၅၉၅ | ၃၂၇၀ | ၃၆၆၅ | ၃၃၅၀ | ၃၃၀၀ | ၃၃၂၅ | ၃၅၅၅ |
| HSD (50 ppm) | ၃၈၉၅ | ၄၀၃၅ | ၃၉၉၀ | ၃၉၁၀ | ၄၀၄၀ | ၄၀၅၅ | ၄၀၈၀ | ၃၉၇၅ | ၄၃၀၀ | ၄၃၃၅ | ၃၉၉၅ | ၄၁၄၅ | ၄၀၈၀ | ၄၀၄၀ | ၄၀၅၅ | ၄၂၉၅ |
| HSD (10 ppm) | ၃၈၉၅ | ၄၀၃၅ | ၃၉၉၀ | ၃၉၁၀ | ၄၀၄၀ | ၄၀၅၅ | ၄၀၈၀ | ၃၉၇၅ |  | ၄၃၃၅ | ၃၉၉၅ | ၄၁၄၅ | ၄၀၈၀ | ၄၀၄၀ | ၄၀၅၅ | ၄၂၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၁၃ | ၃၀၂၇ |
| 95 Ron | ၃၁၀၅ | ၃၂၀၁ |
| HSD (500 ppm) | ၃၀၀၆ | ၃၀၉၆ |
| HSD (50 ppm) | ၃၆၉၅ | ၃၇၉၉ |
| HSD (10 ppm) | ၃၆၉၅ | ၃၇၉၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၁၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်အားလိုင်းကြိုးများ အစားထိုးလဲလှယ်မည်ဖြစ်သဖြင့် ယာယီဓာတ်အားပြတ်တောက်မည်

နေပြည်တော် ဇူလိုင် ၂၁

မကွေးတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲ ဓာတ်အားပေးစက်ရုံစီမံကိန်းများ၏ ဓာတ်အားထုတ်လုပ်မှုများကို နိုင်ငံတော်ဓာတ်အားစနစ်ကွန်ရက်သို့ ပိုမိုသယ်ဆောင်နိုင်ရန်၊ ဓာတ်အားစနစ်တည်ငြိမ်စေရန်နှင့် ဗို့အားတိုးတက်ကောင်းမွန်စေရန်အတွက် ၁၃၂ ကေဗွီ မကွေး–တောင်တွင်းကြီး ဓာတ်အားလိုင်း၏ လက်ရှိ ACSR ဓာတ်အားလိုင်းကြိုးကို ဝန်အားနှစ်ဆကျော်အထိ တိုးမြှင့်သယ်ဆောင်နိုင်သည့် နည်းပညာမြင့်ဖိုင်ဘာအူတိုင် အလူမီနီယံဓာတ်အားလိုင်းကြိုးဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို တိုင်အမှတ်(၁၁၄)နှင့် (၁၁၅)ကြား၊ တိုင်အမှတ်(၁၁၈)နှင့် (၁၁၉)ကြား၊ တိုင်အမှတ်(၁၆၅)နှင့် (၁၆၆) ကြားတို့တွင်ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါလုပ်ငန်းဆောင်ရွက်မည့် ဓာတ်အားလိုင်းအပိုင်းအောက်ရှိ ၆၆ ကေဗွီ တောင်တွင်းကြီး–သစ်ရာကောက် ဓာတ်အားလိုင်းနှင့် တောင်တွင်းကြီး–မြို့သစ် ဓာတ်အားလိုင်းတို့ကို ၂၀၂၄ ခုနှစ် ဇူလိုင် ၂၄ ရက်မှ ၂၆ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဓာတ်အားပိတ်ထားမည်ဖြစ်သည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း မြင်ကွန်းမြို့၊ မိကျောင်းရဲမြို့၊ သစ်ရာကောက်မြို့၊ မြို့သစ်မြို့နှင့် နတ်မောက်မြို့တို့အတွင်းရှိရပ်ကွက်များနှင့် ကျေးရွာများ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူမိဘပြည်သူများကို သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှ တစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## အားကစား

**❂ မြန်မာအမျိုးသမီးလိဂ်မှ**

ရတနာပုံအသင်းဂိုးသမား လှလှထွေး လက်စွမ်းပြကာကွယ်ခြင်းကြောင့် ဂိုးပေါက်ပျောက်ဆုံးကာ သရေကျခဲ့ခြင်းဖြစ်သည်။

**သက်သေပြနိုင်ခဲ့**

ရတနာပုံအသင်းသည် နာမည်ကြီးအား/ကာသိပ္ပံအသင်းထံမှ သရေတစ်မှတ် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ခံစစ်ပိုင်း အမှားမရှိကြောင်း ပေးဂိုးမရှိအောင် စွမ်းဆောင်နိုင်မှုနှင့် သက်သေပြနိုင်ခဲ့သည်။ ယခုပွဲ၏ အကောင်းဆုံးကစားသမားဆုကို ရတနာပုံဂိုးသမား လှလှထွေးကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေး ငွေကျပ် ငါးသိန်းရရှိသည်။

ပွဲစဉ်(၆) နောက်ဆုံးနေ့ကို ဇူလိုင် ၂၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဖွဲကပင်ယူနိုက်တက်အသင်း၊ YUSC ကွင်း၌ သစ္စာအားမာန်အသင်းနှင့် Young Lionesses အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ကိုညီလေး**

**ဓာတ်ပုံ–MWL**

**❃ U12 Junior မှ**

မြန်မာ ယူ–၁၂ ကစားသမားရွေးချယ်ပွဲများကို ရန်ကုန်အမျိုးသား ဘောလုံးအကယ်ဒမီနှင့် မန္တလေးမြန်မာဘောလုံးအကယ်ဒမီတို့တွင် ဇူလိုင် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ပြုလုပ်ခဲ့ပြီး ယနေ့တွင် ပဏာမ ကစားသမား ၂၃ ဦးစာရင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပဏာမ မြန်မာ ယူ–၁၂ အသင်းအနေဖြင့် ဇူလိုင် ၂၅ ရက်တွင် လေ့ကျင့်ခန်းအစီအစဉ်များ စတင်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြတ်**

**ဓာတ်ပုံ–MFF**

## အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ်ပြင်ဆင်

**ရန်ကုန် ဇူလိုင် ၂၁**

ဇူလိုင် ၂၄ ရက်တွင်စတင်ကျင်းပမည့် ၂၀၂၆ အာဆီယံ ဟွန်ဒိုင်းဖလား ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်းသည် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

**လေ့ကျင့်ပြင်ဆင်**

မြန်မာ့လက်ရွေးစင်အသင်းသည် ဇူလိုင် ၁၈ ရက်တွင် ဗီယက်နမ် လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားပြီးနောက် ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာပြီး ဇူလိုင် ၂၁ ရက်တွင် ရန်ကုန်မြို့၌ အပြီးသတ်ပြင်ဆင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် အန်ဒါဆင်သည် ဗီယက်နမ်နှင့်ခြေစမ်းပွဲအတွက် ခေါ်ဆောင်သွားသော ကစားသမားများနှင့် ကစားသမားအချို့ ပြန်ပေါင်းပြီး လေ့ကျင့်ပြင်ဆင်ကာ အပြီးသတ် ကစားသမားရွေးချယ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နည်းပြသစ် အန်ဒါဆင်နှင့် ပြင်ဆင်ချိန် နည်းပါးနေသေးပြီး ဗီယက်နမ်အသင်းနှင့်ခြေစမ်းပွဲတွင် လေးဂိုးပြတ် ရှုံးနိမ့်ထားသည်။



မြန်မာ့လက်ရွေးစင်အသင်းသည် အာဆီယံဖလားပြိုင်ပွဲတွင် ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ လာအိုအသင်းတို့နှင့် အုပ်စု (B) ၌ ကျရောက်နေပြီး အုပ်စုပွဲများအဖြစ် ဇူလိုင် ၂၅ ရက်တွင် မလေးရှားအသင်းနှင့် အိမ်ကွင်း၊ ဇူလိုင် ၂၈ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် အဝေးကွင်း၊ ဩဂုတ် ၄ ရက်တွင် လာအိုအသင်းနှင့် အိမ်ကွင်း၊ ဇူလိုင် ၈ ရက်တွင် ထိုင်းအသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

**သတင်း–ညီမြတ်သော်တာ၊ ဓာတ်ပုံ–MFF**

**❍ Heyball မှ**

ယင်းပြိုင်ပွဲတွင် အိမ်ရှင်တရုတ်မှ အားကစားသမား ရှစ်ဦး ဝင်ပြိုင်ခဲ့ပြီး ပထမ (တရုတ်)၊ ဒုတိယ(မြန်မာ)နှင့် ပူတွဲတတိယ တရုတ်တို့ ရရှိခဲ့ကြသည်။

ဘုန်းမြင့်ကျော်သည် ယမန်နေ့ ည ၁၀ နာရီ ၃၅ မိနစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရာ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခန့်ကျော်၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြကြောင်း သိရသည်။

**အာကာ**

## မှုခင်း

### ရပ်စောက်မြို့နယ်၌ ၁၂ ဘီးမော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲထိုးကျ တိမ်းမှောက်၍ အမျိုးသားတစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိ



ရပ်စောက်မြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားသည့်ဖြစ်စဉ်မှ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇူလိုင် ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ဇူလိုင် ၂၀ ရက်က ၁၂ ဘီးယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲထိုးကျတိမ်းမှောက်၍ အမျိုးသား တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာ ရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရပ်စောက်မြို့နယ် တောင်ထိပ်ကျေးရွာအနီး ရပ်စောက် – နောင်ချိုကားလမ်း မိုင်တိုင်အမှတ် ၈၄ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံကြား၌ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ ကျောက်ဂူနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ နောင်ချိုမြို့ဘက်မှ ရပ်စောက်မြို့ဘက်သို့ နောင်ချိုမြို့နယ် အမ္ဗခါးကျေးရွာနေ ထွန်းလူ(၂၇) နှစ် မောင်းနှင်ပြီး ယာဉ်နောက်လိုက် ရေစကြိုမြို့နယ် ဇီးတောစံပြကျေးရွာနေ မင်းမင်းသက်(၄၁) နှစ် လိုက်ပါလာသည့် SHN–38 7K/xxxx Daung Feng ၁၂ ဘီးယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်း အနက်ပေ ၂၀ ခန့်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် မင်းမင်းသက်တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ထွန်းလူတွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ယာဉ်အား မဆင်မခြင် ပေါ့လျော့စွာမောင်းနှင်သူ ထွန်းလူအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

### လေးမျက်နှာမြို့နယ်၊ သထုံမြို့နယ်နှင့် သဃ်န်းကျွန်းမြို့နယ်တို့၌ နှစ်လုံး/သုံးလုံးထီ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇူလိုင် ၂၁**

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၊ မွန်ပြည်နယ် သထုံမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်တို့၌ ဇူလိုင် ၂၀ ရက်က နှစ်လုံး/သုံးလုံးထီ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

လေးမျက်နှာမြို့နယ် ညောင်းပင်ဝန်းကျေးရွာနေ ဒေါ်ဥမ္မာသန်း (၅၀)နှစ်၏ နေအိမ်၌ နှစ်လုံးထီ လောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ လေးမျက်နှာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နှစ်လုံးထီ လောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့် အတူ တွေ့ရှိသိမ်းဆည်း ရမိခဲ့သည်။

အလားတူ သထုံမြို့နယ် ဝင်းပကျေးရွာနေ ဒေါ်ဘီဘီသန်း(၅၀) နှစ်၏ နေအိမ်၌ နှစ်လုံး/သုံးလုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သိမ်ဆိပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နှစ်လုံး/သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့် အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် သဃ်န်းကျွန်းမြို့နယ် အမှတ်(၂၄)ရပ်ကွက်နေ ဒေါ်စန်းစန်းလွင်(၅၂)နှစ်၏ နေအိမ်၌ နှစ်လုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သဃ်န်းကျွန်းခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်၌ ဒေါ်စန်းစန်းလွင်နှင့် တစ်ရပ်ကွက်တည်းနေ ကျော်စိုးမင်း(ခ) ကျော်စိုး(၄၀)နှစ်၊ ဒဂုံတောင်မြို့နယ် လေးထောင့်ကန်ရပ်ကွက်နေ ဒေါ်ခင်မြင့်(၇၃)နှစ်တို့ သုံးဦးအား နှစ်လုံးထီ လောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့် အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စန်းစန်းလွင်၊ ကျော်စိုးမင်း (ခ)ကျော်စိုးနှင့် ခင်မြင့်တို့ သုံးဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

### အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUGနှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Mya Thandar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့ မဟာအောင်မြေရပ်ကွက်နေ မြသန္တာအား ညနေ ၄ နာရီ ၂၅ မိနစ်တွင် ရွှေညောင်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေး



လပွတ္တာ ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ်အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေးနဒီခန်းမ၌ ပြုလုပ်သည်။

ဦးစွာ လပွတ္တာခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က အမှာစကားပြောကြားပြီး လပွတ္တာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးမြင့်က ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ခရိုင်နှင့် မြို့နယ်တို့မှဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင်များက ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်ကို အကောင်အထည်ဖော်ရာတွင် ပိုမိုအားကောင်းစေရေးဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် စကားဝိုင်းဆွေးနွေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သထုံမြို့နယ်၌ သက်သာသောဈေးနှုန်းဖြင့် စားသုံးဆီရောင်းချပေး

သထုံ ဇူလိုင် ၂၁

မွန်ပြည်နယ် သထုံမြို့နယ်တွင် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ အစီအစဉ်ဖြင့် မွန်ပြည်နယ်ဆီကုန်သည်များအသင်းမှ ပြည်သူများထံ သက်သာသောဈေးနှုန်းဖြင့် စားသုံးဆီများ ရောင်းချပေးနေမှုကို တာဝန်ရှိသူများပူးပေါင်းကာ ယနေ့မွန်းလွဲပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

လိုက်လံစစ်ဆေးရာတွင် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများက သထုံမြို့ အောက်ကျင်းရပ်ကွက်၊ ဘင်လှိုင်ရပ်ကွက်တို့၌ ဆီလုပ်ငန်းရှင်ကုမ္ပဏီများက ပြည်သူများထံ တစ်အိမ်ထောင်လျှင် စားအုန်းဆီသုံးပိဿာနှုန်းကို ဝယ်ယူခွင့်စာအုပ်ဖြင့် စနစ်တကျရောင်းချပေးနေမှုကို လိုက်လံကြည့်ရှုကာ အလေးချိန်နှင့် ဈေးနှုန်းမှန်ကန်မှု ရှိ၊ မရှိ၊ သတ်မှတ်စည်းကမ်းအတိုင်း ရောင်းချခြင်း ရှိ၊ မရှိတို့အား ကြီးကြပ်စစ်ဆေးပြီး လိုအပ်သည်တို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





## တွံတေးမြို့နယ်၌ ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်းဖွင့်လှစ်

တွံတေး ဇူလိုင် ၂၁

ရန်ကုန်တိုင်းဒေသကြီး ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် တွံတေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မြို့နယ်အဆင့် ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက တွံတေးမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တွံတေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကောင်းစံမြတ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ တွံတေးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းရီက သင်တန်းသူများအား သင်တန်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကို ဇူလိုင် ၂၁ ရက်မှ ၂၂ ရက်အထိ နှစ်ရက်ကြာဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

## အုတ်တွင်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေထုတ်ပေးခြင်းအခမ်းအနား ကျင်းပ

အုတ်တွင်း ဇူလိုင် ၂၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် သမဝါယမဦးစီးဌာန သမဝါယမကဏ္ဍမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စံပြကျေးရွာများအား မွေးမြူရေးလုပ်ငန်းအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေထုတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေရယူလိုသည့် သမဝါယမအသင်းသားများအား လိုက်နာဆောင်ရွက်ရမည့် စာချုပ်ပါစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းသားများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးထုတ်ချေးငွေကျပ် ၁၂ သန်းအား တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)





## လှိုင်လင်မြို့နယ်၌ ဒေသကြက်ဖြန့်ဖြူးပေးအပ်

လှိုင်လင် ဇူလိုင် ၂၁

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လှိုင်လင်ခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဒေါက်တာအောင်ဆန်းဝင်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာထွန်းဇော်ဝင်းနှင့် ဝန်ထမ်းများက လှိုင်လင်မြို့နယ် ကွတ်ချိုးကျေးရွာ၌ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြု ပညာပေးသင်တန်းနှင့် အစားထိုးမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် ယမန်နေ့က အဆိုပါကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအား အသိပညာပေးသင်တန်း သင်ကြားပေးခြင်းနှင့် အိမ်ထောင်စုတစ်စုလျှင် ဒေသကြက် ငါးကောင်နှုန်းဖြင့် အိမ်ထောင်စု ၁၀ စုအတွက် ဒေသကြက်အကောင်ရေ ၅၀ ကို ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

လှိုင်လင်မိုး



## ဖျာပုံခရိုင်အဆင့် ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့် သရုပ်ပြသ

ဖျာပုံ ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အထက(၂) စာသင်ကျောင်း၌ ယနေ့နံနက်ပိုင်းက ခရိုင်အဆင့် ငလျင်ဘေးအန္တရာယ်သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်း ဆောင်ရွက်သည်။

အခမ်းအနားသို့ ခရိုင်သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဝင်များ၊ ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေး၊ ကျိုက်လတ်(၄)မြို့နယ်မှ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက မိန့်ခွန်းပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦး ဦးဆောင်သည့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ပူးပေါင်းအဖွဲ့များဖြင့် ငလျင်ဘေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

မင်းထက်သာ



## ကျောင်းကုန်းမြို့၌ အသက်ကယ်အင်္ကျီဝတ်ဆင်အသုံးပြုနည်း သရုပ်ပြလေ့ကျင့်

ကျောင်းကုန်း ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ကမ်းနားလမ်းရှိစက်လှေဆိပ်တွင် မီးသတ်ဦးစီးဌာနနှင့် ရေယာဉ်အသင်းတို့ပူးပေါင်း၍ ရေဘေးအန္တရာယ်ကာကွယ်ရေး အသက်ကယ်အင်္ကျီဝတ်ဆင်နည်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ရေယာဉ်အသင်းဥက္ကဋ္ဌ ဦးဝင်းတင်တို့ပူးပေါင်း၍ ကျောင်းကုန်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုဖြစ်ပွားလာပါက မော်တော်ယာဉ်နှင့် စက်လှေများပေါ်တွင် အသက်ကယ်အင်္ကျီ၊ အသက်ကယ်ဘောကွင်းများ အသင့်ထားရှိနိုင်ရေးနှင့် ပြည်သူများ အသက်ကယ်အင်္ကျီဝတ်စုံများ စနစ်တကျဝတ်ဆင်အသုံးပြုတတ်စေရေး လက်တွေ့သရုပ်ပြသင်ကြားပေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မရမ်းကုန်းမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်နှင့် ဝန်ထမ်းများက ဇူလိုင် ၂၀ ရက်က (၂)ရပ်ကွက် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းရှိ အသက်(၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၆၁ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်လုပ်ငန်းများကို နေ့ချင်းပြီး စိစစ်ဆောင်ရွက်ပေးပြီး လက်ဝယ်အရောက်ပေးအပ်စဉ်။

သက်လွင်စိုး

# သာယာဝတီမြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ



သာယာဝတီ ဇူလိုင် ၂၁

ပဲခူးတိုင်းဒေသကြီးသာယာဝတီမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ပြည်သူ့စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်းတွင် ဂုံမင်းမြောင်ကျေးရွာ ဘုရားကြီးကျောင်းတိုက်၌ ကျင်းပသည်။

"ကျေးလက်ဒေသဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုက စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်း၊ တံတားနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးမင်းဇော်က မွေးမြူရေးနှင့်ကုသရေးဆိုင်ရာများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လေးလေးလွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးနိုင်ဝင်းက စိုက်ပျိုးရေးလုပ်ငန်းများ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဦးစီးမှူး ဒေါ်စန္ဒာထွန်းက ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်အေးသန္တာထွန်းက ကုန်အညွှန်းအမှတ်အသားအကြောင်းသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**



# တိုက်ကြီးမြို့နယ်၌ စက်ချုပ်နည်းပညာသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန မှော်ဘီခရိုင်ရုံးက ကြီးမှူးပြုလုပ်သည့် စက်ချုပ်နည်းပညာသင်တန်းကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက တိုက်ကြီးမြို့နယ်၌ Y.G.W ပရဟိတဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သည်။

ဦးစွာ Y.G.W ပရဟိတကျောင်းတိုက်ဆရာတော် အရှင်တေစိန္တ၊ တိုက်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသူအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်လင်းဇော်တို့က အမှာစကားပြောကြားပြီး မှော်ဘီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုမွန်ဦးက ဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းသား ကျောင်းသူများအား သင်ထောက်ကူပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများကို ပေးအပ်ခဲ့ကြပြီး သင်တန်းကို ၄၅ ရက်ကြာဖွင့်လှစ်မည်ဖြစ်ကာ သင်တန်းသားသင်တန်းသူ ၁၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ကြို့ပင်ကောက်မြို့နယ်၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသ



ကြို့ပင်ကောက် ဇူလိုင် ၂၁

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ပြည်သူ့ဆေးရုံတွင် သာယာဝတီခရိုင် ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆေးကုသမှုအစီအစဉ်ဖြင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ကွင်းဆင်းဆေးကုသမှုအစီအစဉ်ဖြင့် သာယာဝတီခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာစုလှိုင်ထွေးနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် အထွေထွေရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါနှင့် ခွဲစိတ်အထူးကု၊ ခတ်မှန်၊ ဒုတိယသူနာပြုအုပ်နှင့် အဖွဲ့တို့သည် အထူးကုဘာသာရပ်များအလိုက် လာရောက်ပြသခဲ့ကြသည့် ရပ်ကွက်၊ ကျေးရွာနေပြည်သူ စုစုပေါင်း ၁၄၁ ဦးတို့အား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**



# ကျွန်းစုမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

ကျွန်းစု ဇူလိုင် ၂၁

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကျွန်းစုမြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် အထက(ပန်းဇင်) ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုးက အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား အသက်(၁၀)နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်နှင့် ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်နှင့် ဝန်ထမ်းများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

# အိမ်မဲမြို့၌ ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစနစ်အကြောင်း ရှင်းလင်းတင်ပြ



အိမ်မဲ ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက ဦးဆောင်ကျင်းပသည့် ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦးက အမှာစကားပြောကြားသည်။

ထို့နောက် အိမ်မဲမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ငွေမျိုးမြင့်နီက ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ချက်များကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများဖြင့် ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်အကောင်အထည်ဖော်ဆောင်ရွက်ရေးစကားဝိုင်းကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

# အငြိမ်းစားဝန်ထမ်းပင်စင်စားများအား စားအုန်းဆီများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး



အင်္ဂပူ ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ယနေ့နံနက်ပိုင်းက အငြိမ်းစားဝန်ထမ်းပင်စင်စားများအား စားအုန်းဆီများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသည်။

စားအုန်းဆီများကို ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက အငြိမ်းစားဝန်ထမ်းတစ်ဦးလျှင် ငါးဆယ်သားနှုန်းဖြင့် စားအုန်းဆီပိဿာ ၂၂၀ ကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်နှင်းနှင်းအေး၊ ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးနှင့် အဖွဲ့ဝင်များက ဇူလိုင် ၂၀ ရက်က အမှတ် (၃) ရပ်ကွက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမူကြိုကျောင်းမှ ကလေးငယ် ၂၆ ဦးအတွက် သင်ထောက်ကူပစ္စည်းများနှင့် အာဟာရများ (တန်ဖိုးငွေကျပ် ငါးသိန်း)ကို ပေးအပ်စဉ်။ ကောင်းမြတ်သူ(မှော်ဘီ)

# ပုသိမ်မြို့၌ အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်

ပုသိမ် ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မီးသတ်ဦးစီးမှူးရုံး၌ အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေး(ဆင့်ပွား)သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်းက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် လေ့ကျင့်ရေးဌာနစုတွင် ဖွင့်လှစ်ခဲ့သည့် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းမှ သင်တန်းဆင်းတပ်ဖွဲ့ဝင် ၁၀ ဦးနှင့်အတူ ထပ်မံ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး စုစုပေါင်း သန္နေမီးသတ်တပ်ဖွဲ့ဝင် ၂၀ ဖြင့် သင်တန်းဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်းကို အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား မီးသတ်တပ်ဖွဲ့ဝင်များ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ စဉ်ဆက်မပြတ်လေ့ကျင့်ခြင်းများ ဆောင်ရွက်နိုင်ရန် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ သင်တန်းကို ဩဂုတ် ၁၄ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးဟိန်းထက်**

# မိုးကောင်းတိုက် ဇယဝတီကျောင်း ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော် ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက် မိုးကောင်းတိုက် ဇယဝတီကျောင်း ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသ သက်တော် ၉၀၊ သိက္ခာ ၇၀ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၈ ခုနှစ် ဒုတိယဝါဆိုလဆန်း ၇ ရက်၊ ၂၁-၇-၂၀၂၆ (အင်္ဂါနေ့) နံနက် ၉ နာရီခွဲတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# တောင်ကြီးမြို့ရှိ တပေါင်းကွင်းပတ်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်



တောင်ကြီး ဇူလိုင် ၂၁

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးရေးနှင့် တောင်ကြီးမြို့တွင်း လမ်းများကောင်းမွန်ရေး၊ ယာဉ်များသွားလာရလွယ်ကူ ချောမွေ့စေရေးအတွက် တောင်ကြီးမြို့ ကံကြီးရပ်ကွက်ရှိ တပေါင်းကွင်းပတ်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နဂါးရေထွက်လမ်းအား မြေလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုပြီး လမ်းပိုင်းများ ရေရှည်တည်တံ့ကောင်းမွန်ရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

❖ **မုတ်သုံလေ မှ အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်း လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# အခြေခံအုတ်စီနှင့် ကျောက်ပုံးသင်တန်း ဆရာဖြစ်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် (MCEF)နှင့် Inclusive System Myanmar (ISM)တို့ ပူးပေါင်း၍ အခြေခံအုတ်စီနှင့် ကျောက်ပုံးသင်တန်း TOT (Training of Trainers) ဆရာဖြစ်သင်တန်းကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း MCEF မှ သိရသည်။

ဩဂုတ် ၁ ရက်မှစတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ကိုးပတ်တိတိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ MCEF Head Office အမှတ် (၃) သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့် သုဝဏ္ဏလမ်းဆုံ သင်္ဃန်းကျွန်းမြို့နယ်တွင် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းအမျိုးအစားတစ်ခုလျှင် ၁၀ ဦးသာ လက်ခံသင်ကြားမည်ဖြစ်သည်။

သင်တန်းကာလအတွင်း သင်တန်းသားများအတွက် နေ့လယ်စာစီစဉ်ပေးမည်ဖြစ်ကာ သင်တန်းသားဦးရေ ကန့်သတ်ထားသဖြင့် စိတ်ပါဝင်စားသော အသင်းဝင်ကုမ္ပဏီများအနေဖြင့် ဇူလိုင် ၃၁ ရက်နောက်ဆုံးထား၍ ၀၉ ၈၉၃ ၂၁၇ ၁၀၉၊ ၀၉ ၆၆၀ ၂၈၂ ၀၀၀၊ Viber: ၀၉ ၈၉၃ ၂၁၇ ၁၀၉၊ Email-mcef1996 @ gmail.com သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**MT**



ကယားပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ဇူလိုင် ၂၁ ရက်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ (၃၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများနှင့် ပြည်နယ်တရားလွှတ်တော်က ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ အား ရှင်းလင်းပြောကြားစဉ်။

အောင်နေဝင်းထွန်း

**မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ပေးအပ်ပွဲကို ဇူလိုင် ၂၁ ရက်က ပြုလုပ်ရာ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး၊ မြို့နယ် လဝကမှူး ဦးခင်မောင်ဇော်တို့ တက်ရောက်ခဲ့ကြပြီး နိုင်ငံသားစိစစ်ရေးကတ် ၃၅၉၇ ကတ်၊ အသက်(၁၈)နှစ်ပြည့် ၂၅၉ ကတ်နှင့်UID ကတ် ၃၈၅၆ ကတ်ကို ပေးအပ်စဉ်။**


တင်ဝင်းလေး



❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင် ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီ မှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူ ခံရနိုင်ပါသည်။**

# နိုင်ငံတော်ဩဝါဒါစရိယဆရာတော် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက် မိုးကောင်းတိုက် ဇယဝတီကျောင်း ဦးစီးပဓာနနာယက ဘဒ္ဒန္တသုဇနာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကုန်းစဉ်ကျေးရွာ ခမည်းတော် ဦးသူတော် + မယ်တော် ဒေါ်ပိုးတို့က ၁၂၉၈ ခုနှစ် နတ်တော်လပြည့်ကျော် ၁၄ ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၃ ခုနှစ် တပို့တွဲလဆန်း ၁၅ ရက်နေ့တွင် မြိုင်မြို့နယ် ကုန်းစဉ်ကျေးရွာ ရာဇိန္ဒာရာမကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၈ ခုနှစ် နယုန်လဆန်း ၁၅ ရက်နေ့တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဘင်္ဂါလီကျောင်းတိုက် ခဏ္ဍာသိမ်၌ မိုးကောင်းတိုက် မော်လမြိုင်ကျွန်းအုပ်ကျောင်း ဆရာတော်ဘဒ္ဒန္တအာသဘာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့နေ ဦးသွယ်+ ဒေါ်သိန်းတင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကုန်းစဉ်ကျေးရွာ ရာဇိန္ဒာရာမကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ၊ ဘဒ္ဒန္တဝိမလ၊ မန္တလေးမြို့ ချမ်းသာကြီးတောင်တိုက်၊ ဓမ္မပါလရဲလှကျောင်းဆရာတော် ဘဒ္ဒန္တတေဇိန္ဒ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ (အလယ်)တိုက် ဆရာတော် ဘဒ္ဒန္တတိက္ခ၊ မန္တလေးမြို့ ငွေးချိုတိုက် မင်္ဂလာသာစည်ကျောင်းဆရာတော်၊ စစ်ကိုင်းမြို့ ရွှေဟင်္သာတိုက်သစ် ဆရာတော်ဘဒ္ဒန္တပဏ္ဍိတသိရီစသော ဆရာတော်များထံတွင် ပရိယတ္တိ စာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး “သာသနဓဇဓမ္မာစရိယဘွဲ့၊ သက္ကျသီဟဓမ္မာစရိယဘွဲ့၊ စေတိယင်္ဂဏဓမ္မာစရိယ (ဝဋံသကာ) ဘွဲ့၊ အဘိဓမ္မပါဠိပါရဂူဘွဲ့” တို့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

